ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ စနေနေ့ (10-5-2014) (၇၇၃၆)

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပပုံကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ မြန်မာ့အသံအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၉

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ်၊ မေ ၁၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနား ကျင်းပပုံကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ မြန်မာ့အသံအစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မချမ်းဘော	၂	ဒသမ	၄၈	လက်မ
ပူတာအို	၂	ဒသမ	၄၀	လက်မ
ကျိုက္ကမီ	သုည	ဒသမ	၇၃	လက်မ
ကျိုက်မရော	၁	ဒသမ	၂၂	လက်မ
မော်လမြိုင်	၁	ဒသမ	၁၈	လက်မ

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ပိုပြီးပီပြင်လာတဲ့အတွက် အစစအရာရာ ပြောင်းလဲမှုတွေရှိလာ

မြန်မာ့သတင်းစဉ် နိုင်ငံခြားအဖွဲ့

အာဆီယံထိပ်သီးအစည်းအဝေးအပါအဝင် ဆက်စပ်အစည်းအဝေးများ ကျင်းပမှု သတင်းရယူရန် ရောက်ရှိနေသော သတင်းထောက်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရုံးအဖွဲ့များ နေပြည်တော်ရှိ အစည်းအဝေးကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) တွင် နောက်တစ်နေ့အတွက် အလုပ်များလာရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

ယင်းအဖွဲ့များမှ သတင်းထောက်တစ်ဦးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးအား မြန်မာနိုင်ငံအကြောင်းနှင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူနေမှုတို့နှင့်စပ်လျဉ်း၍ ၎င်းတို့၏ သဘောထားအမြင်များကို မေးမြန်းကြည့်မိခဲ့ပါသည်။

သတင်းထောက် အိုရန်ဗီး တန်မီဆန်း
Nation TV(Group)

မေး။ အခု မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေတဲ့အချိန်မှာ မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားအမြင်ရှိသလဲဆိုတာ သိပါရစေ။

ဖြေ။ မြန်မာနိုင်ငံဟာ သတင်းလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး အရင်ကထက်စာရင် အများကြီးပြောင်းလဲသွားပြီလို့ မြင်ပါတယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ဘရူနိုင်းနိုင်ငံ၌ ကျင်းပသော အာဆီယံ+ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံခြားသံတမန်များ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသရှိ ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံ

သတင်း » စာမျက်နှာ - ၃

တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြသည်မှ စက်မှုနိုင်ငံတော်ဆီသို့ . . .

ငှေတောင်ကြံစိုက်ခင်းကို တွေ့ရစဉ်။

သတင်းဆောင်းပါး - ငွေးအောင်(ကြေးမုံ)၊ ဓာတ်ပုံ - ဇာဏီ

မန္တလေးမြို့သို့မရောက်ဖြစ်သည်မှာ တစ်နှစ်ခန့်သာရှိသေးသော်လည်း ယခုမန္တလေးသို့ရောက်ရှိပြန်တော့ ယမန်နှစ်ကထက် ပိုပြီးစည်ကားနေသည်။ မြို့တွင်း၌ သွားလာလှုပ်ရှားမှုများသော်လည်း အန္တရာယ်ဖြစ်အောင် မမောင်းကြ၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ အပေးအယူမျှတစွာဖြင့် မောင်းနှင်သွားလာလျက်ရှိကြရာ ယာဉ်တိုက်မှု၊ ဆိုင်ကယ်တိုက်မှု ကိုယ်တွေ့မမြင်မိ။ မန္တလေးရောက်သည့်နေ့တစ်ရက် ဈေးဝယ်ထွက်ခဲ့စဉ် မြင်တွေ့ခဲ့ရသည့် မြင်ကွင်းပင်။

ဒုတိယမြောက်နေ့မှာတော့ လာရင်းအကြောင်းဖြစ်သည့် စဉ့်ကူးမြို့နယ် ညောင်ဝန်းကျေးရွာရှိ သူငယ်ချင်း၏ မင်္ဂလာဆောင်အခမ်းအနားသို့ လက်ဖွဲ့ပစ္စည်းကိုင်ကာ လိုင်းကားစီးပြီးသွားရောက်ခဲ့ရာ ညောင်ဝန်းကျေးရွာသို့ နံနက် ၈ နာရီခန့်တွင်ရောက်ရှိခဲ့သည်။ မင်္ဂလာအခမ်းအနားစတင်နေပြီဖြစ်၍ သူငယ်ချင်းတို့ မင်္ဂလာစုံတွဲကို နှုတ်ဆက်ဆုတောင်းစကားပြောဆိုပြီး ကျွေးမွေးဧည့်ခံသည့် ခုံဝိုင်းသို့ရောက်ရှိကာ စားရင်းကနေ တစ်ဖက်ဝိုင်းမှ စကားသံများကို နားစွင့်မိသည်။ ကျေးရွာသူ ကျေးရွာသားတို့၏ နှုတ်ဆက်စကားသံများ၊ စီးပွားရေးအကြောင်း၊ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြသည်။ စားသောက်ပြီးတော့ ရွာခံများထိုင်နေသည့်စကားဝိုင်းသို့ ဝင်ထိုင်မိသည်။ မိတ်ဆက်စကားတစ်ဦးနှင့်တစ်ဦး ပြောကြားကြစဉ် ကြံစိုက်ပျိုးရေးဖြင့် စီးပွားရေးကောင်းနေသူ ဦးတင်စိုးနှင့် တွဲထိုင်၍ ရပ်ရေးရွာရေးအခြေအနေများကိုမေးမြန်းလေ့လာမိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ကြေးမုံ စာတည်းရှုထောင့် ၁၀-၅-၂၀၁၄၊ စနေနေ့

အရေးကြီးသောထိပ်သီးစည်းဝေး

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများကို နေပြည်တော်တွင် ယနေ့စတင်ကျင်းပနေပြီဖြစ်သည်။ အာဆီယံပဋိညာဉ်စာတမ်းအရ မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ အဖြစ်တာဝန်ယူရသည့် တစ်နှစ်တာကာလအတွင်းတွင် ထိပ်သီးအစည်း အဝေးများကို နှစ်ကြိမ်ကျင်းပခွင့်ရပြီး ယခုအကြိမ်သည် ပထမဆုံးအကြိမ် ကျင်းပခွင့်ရသည့် အစည်းအဝေးဖြစ်သည်။

ယနေ့ကျင်းပနေသည့် ထိပ်သီးအစည်းအဝေးသည် အာဆီယံနိုင်ငံများ အတွက် အရေးကြီးသော အစည်းအဝေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များအား အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ အရေးတကြီးဆုံးဖြတ်ရမည့်ကိစ္စရပ်များကို အဆုံးအဖြတ် ပေးမည့် အစည်းအဝေးဖြစ်သောကြောင့် ဖြစ်သည်။ ယခု အစည်းအဝေး သည် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များသာတက်ရောက်သောအစည်း အဝေးဖြစ်ပြီး ဒုတိယအကြိမ်ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင်မူ အာဆီယံနိုင်ငံများအပြင် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများလည်း တက်ရောက်ဆွေးနွေးကြမည် ဖြစ်သည်။

အာဆီယံအဖွဲ့အစည်းအတွင်း မဏ္ဍိုင်ကြီးသုံးရပ်ရှိပြီး ထိုမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု မဏ္ဍိုင်တို့ကို ယခုထိပ်သီးအစည်းအဝေးများတွင် တင်ပြဆွေးနွေးပြီး အဆုံး အဖြတ်ရယူကြမည် ဖြစ်သည်။ အစည်းအဝေးများတွင် အဆိုပါမဏ္ဍိုင် ကြီးများ၏ ရည်မှန်းချက်များ မည်မျှပြည့်မီအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆောင်ရွက်ရန် မည်မျှကျန်ရှိနေသေးကြောင်းနှင့် မည်သည့်ကဏ္ဍ၊ မည်သည့် အပိုင်းများတွင် အရှိန်တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို နိုင်ငံအလိုက် ခေါင်းဆောင်များအား တင်ပြသွားကြမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ကြီးတစ်ခုပေါ်ပေါက်လာရန်အတွက် ဖြစ်သည်။ ထိုသို့ပေါ်ပေါက်လာရန်အတွက် အသိုက်အဝန်းထူထောင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ယခုကဲ့သို့ထိပ်သီးအစည်းအဝေးများ ကျင်းပနေသောကာလတွင် မည်သည့်အချက်များပါဝင်သင့်ပြီး မည်သည့် အချက်များသည် အာဆီယံအတွက် အထူးအရေးကြီးသည်ကို ဆွေးနွေးဆုံးဖြတ် သုံးသပ်နိုင်ခြင်းတို့သည် အာဆီယံနိုင်ငံများအတွက်သာမက မြန်မာနိုင်ငံအတွက် ပါ ပို၍အကျိုးကျေးဇူးကြီးမားလှပေသည်။

မြန်မာနိုင်ငံအနေဖြင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက်ကျဥ်းမြောင်း စေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများတွင် ဦးစားပေးဆောင်ရွက် ရန်ကိစ္စရပ်များကို အလေးထားဆောင်ရွက်နေသကဲ့သို့ အာဆီယံအဖွဲ့အနေဖြင့် လည်း ဦးစားပေးကိစ္စရပ်ဖြစ်နေသောကြောင့် မြန်မာနိုင်ငံ၏လိုအပ်ချက်အခြေ အနေများနှင့် အာဆီယံ၏ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှု အနေအထားကောင်း များ ထင်ဟပ်အကောင်အထည်ပေါ်လာနိုင်ရန်အတွက် ထိပ်သီးအစည်းအဝေး များတွင် နွေးဆွေးသုံးသပ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလည်း စောင့်ကြည့် လေ့လာ အကဲဖြတ် သုံးသပ်ဆွေးနွေးကြဦးမည်ဖြစ်သည်။ လာမည့်နှစ် အာဆီယံအသိုက် အဝန်းကြီး ပေါ်ပေါက်လာလျှင် အာဆီယံသည် ကမ္ဘာ့အရေးကိစ္စများကိုပါ စောင့်ကြည့်အကဲခတ်မည့်တာဝန်များကို ထမ်းဆောင်ကြဦးမည်ဖြစ် သည်။

အာဆီယံဒေသကြီးသည် ကမ္ဘာပေါ်တွင်အချက်အချာကျသည့် ဒေသ ကြီးဖြစ်သည်။ ထိုအာဆီယံဒေသတွင်းတွင် မြန်မာနိုင်ငံသည် ပထဝီဝင် အနေထားအရ အရှေ့တောင်အာရှတွင် ကုန်းပိုင်းကသော်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာပိုင်းကသော်လည်းကောင်း၊ လေကြောင်းကသော်လည်း ကောင်း ပို၍ဆက်သွယ်ရေးအချက်အချာကျသော ဒေသဖြစ်သည်။ ထို့ကြောင့် အာဆီယံပေါင်းစည်းဆက်သွယ်ရေးလုပ်ငန်းများတွင် မဟာ စီမံကိန်းအောင်မြင်ရေး၏ အဓိကနိုင်ငံဟု ဆိုရမည်ဖြစ်သည်။

လက်ရှိတွင် တောင်တရုတ်ပင်လယ်ကိစ္စ၊ ကိုရီးယားကျွန်းဆွယ်ကိစ္စ၊ ဆက်စပ်ပင်လယ်ပြင်ကိစ္စ၊ အရှေ့အလယ်ပိုင်းအရေးကိစ္စများ၊ အရှေ့ဥရောပ ကိစ္စများကို အစည်းအဝေးများတွင် ဆွေးနွေးနိုင်လိမ့်မည်ဖြစ်သည်။ ထိုဒေသ တွင်း ဖြစ်ပေါ်နေမှုများသည် မိမိတို့ဒေသများကို အကျိုးသက်ရောက်မှု၊ တစ်နည်းတစ်ဖုံရိုက်ခတ်မှုများ ရှိလိမ့်မည်ဖြစ်ရာ ထိုအခြေအနေများကို အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးသုံးသပ်ကြရာ၌ လက်ရှိအချိန်ကာလအရ ဒေသတွင်းအချက်အချာကျသော မြန်မာနိုင်ငံတွင် အကျယ်တဝင့်လွတ်လပ် ပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် အောင်မြင်မှုရလဒ်ကောင်းများပေါ်ထွက်လာ လိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ အာဆီယံ ၁၀ နိုင်ငံမှခေါင်းဆောင်များ တက်ရောက်ပြီးဆွေး နွေးညှိနှိုင်းသုံးသပ်ဆုံးဖြတ်ကြမည့်ထိပ်သီးအစည်းအဝေးများသည် အာဆီယံ အသိုက်အဝန်းကြီးပေါ်ထွက်လာရေးကို ဦးတည်နေသကဲ့သို့ အနာဂတ် ကာလတွင် ဒေသတွင်းအကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

(၂၃)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားထား

နေပြည်တော် မေ ၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့ စီးပွားရေးဖိုရမ်သို့ လာရောက်ကြမည့် သတင်းမီဒီယာများအတွက် ဗီဇာ ကြေး ကင်းလွတ်ခွင့်ပြုမည်ဖြစ် ကြောင်း၊ ယင်းဖိုရမ်တွင် သတင်း မီဒီယာများအဖြစ် ပါဝင်သူများသည် ဖိတ်ကြားစာနှင့် ဖြည့်စွက်ထားသော ပုံစံတို့အား ၎င်းတို့ ဗီဇာလျှောက်ထား သည့်အချိန်တွင် ဖိလစ်ပိုင်သံရုံးသို့ တင်ပြရန် လိုအပ်ကြောင်းဖြင့် ဖိလစ် ပိုင်သံရုံးမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ ဓာတ်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၉

ရန်ကုန်	ရွှေဈေး	၆၆၂၅၀၀	-	၆၆၃၃၀၀
မန္တလေး	ရွှေဈေး	၆၆၂၄၀၀	-	၆၆၃၂၀၀

ဓာတ်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၃၁. ၁
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၄. ၄၆
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၅၉၁
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၈. ၂၅
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၀၆၀
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၆. ၄၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၄. ၀၀၅
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၀၀. ၃၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၁. ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းများဖွင့်

ရန်ကုန် မေ ၉

ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာ ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း ၌ ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၅၇)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၈၇) သင်တန်းများဖွင့်ပွဲ အခမ်းအနား ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းများတွင် သင်တန်းသူ စုစုပေါင်း ၇၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆွေးနွေး

နေပြည်တော် မေ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်သူ့လုံခြုံရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိုင်ရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စ ဆာရက်ဆီးဝေါလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေးကိစ္စ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူကုန် ကူးမှုတိုက်ဖျက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံခြားသံတမန်များ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသရှိ ဒေသခံကိုယ်စားလှယ်များနှင့်တွေ့ဆုံ

စစ်တွေ မေ ၉

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒေါက်တာသန်းအောင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ဥရောပသမဂ္ဂသံအမတ်ကြီးတို့နှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘူးသီးတောင်ဒေသရှိ နှစ်ဖက်အဖွဲ့အစည်းများမှ ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံပွဲတွင်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဒေသတွင်းရှိ နှစ်ဖက်အဖွဲ့အစည်းများသည် ယခင်က အပြန်အလှန်အကျိုးရှိအောင် ဆောင်ရွက်ခဲ့သည်များကို ပြန်လည်ပိုမိုလေ့လာ၍ နှစ်ဦးနှစ်ဖက်ညှိနှိုင်းကာ မိမိတို့ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတ ပေါများကြွယ်ဝသည်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရန် နှစ်ဖက်အဖွဲ့အစည်းများ အတူတကွတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများ မြောက်မြားစွာရှိသည့် ရခိုင်ဒေသရှိပြည်သူများသည် အသိပညာဗဟုသုတပိုမိုကြွယ်ဝရန်လိုအပ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလသည် ပြည်သူဗဟိုပြု၍ ပြည်သူ့အကျိုးစီးပွားဆောင်ရွက်နေသည့်ကာလဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသတွင်းလူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဒေသတွင်းတည်ငြိမ်အေးချမ်းရန်လိုအပ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် လူ့စွမ်းအားသည်သာ အဓိကဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက် ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်မှုများစသည့် လုပ်ငန်းများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး သားစဉ်မြေးဆက် ဆက်လက်အသုံးပြုနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသ၏ရေ၊ မြေ၊ လေတို့ကို အပြည့်အဝအသုံးချရမည်ဖြစ်ကြောင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဒေသတွင်လည်း အသင်းအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းဆိုသည်မှာ တီထွင်ကြံဆနိုင်သည့် အတွေးအခေါ်ပညာနှင့် မိမိတို့ကိုယ်တိုင် စွမ်းအားစိုက်ထုတ်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဦးရာဆင်း မြို့မတောင် ရပ်ကွက် မောင်တောမြို့

ဦးအောင်မြင့်သိန်း နယ်စပ်ကုန်သည် ကြီးများအသင်း ဥက္ကဋ္ဌ မောင်တောမြို့

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သွားလာနေထိုင်ရေးလွတ်လပ်မှုသည် နိုင်ငံသားဖြစ်မှုတွင်မူတည်ပါကြောင်း၊ အငြင်းပွားစရာရှိသည်များကို ဖယ်ရှားပြီး မှတ်ပုံတင်နိုင်ရေးကိစ္စရပ်များတွင် မိမိတို့ဒေသ၊ မိမိတို့ဘဝ၊ မိမိတို့အကျိုးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်းပြောကြားပြီး တွေ့ဆုံပွဲသို့တက်ရောက်လာသည့် နှစ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောဒေသခံနှစ်ဖက်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ဦးခင်ရီတို့က မောင်တောဒေသ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဒေသခံကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများနှင့်ပတ်သက်၍ ဒေသခံများ၏ ရင်တွင်းစကားများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဦးဖြူမောင်၊အမှတ်(၅)ရပ်ကွက်၊ ဘူးသီးတောင်မြို့

တွေ့ဆုံပွဲမှာ ကျွန်တော်တို့ရဲ့ ခံစားချက်တွေကို ပြည့်ပြည့်စုံစုံတင်ပြနိုင်ပါတယ်။ မကြာခဏ အခုလိုတွေ့ဆုံပွဲတွေ အများကြီးလုပ်စေချင်ပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ တရားဥပဒေစိုးမိုးဖို့ အဓိကလိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိရင် ဘယ်လိုပဲလုပ်လုပ် ဖွံ့ဖြိုးလာမှာ မဟုတ်ပါဘူး။

ဦးအဘူတာဟဲ၊ အမှတ်(၁)ရပ်ကွက်၊ ဘူးသီးတောင်မြို့

အခုလိုတွေ့ဆုံဆွေးနွေးခွင့်ရတာ အရမ်းဝမ်းသာပါတယ်။ အခုလိုတွေ့ဆုံဆွေးနွေးပွဲကနေ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့က ဆက်လက်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဦးရာဆင်း၊ မြို့မတောင်ရပ်ကွက်၊ မောင်တောမြို့

ဒီတွေ့ဆုံပွဲရဲ့ ဆွေးနွေးမှုက ဆွေးနွေးချက်တွေဟာ အလွန်ပြည့်စုံကောင်းမွန်ပါတယ်။ ဒီဆွေးနွေးချက်တွေအတိုင်းသာ လုပ်ဆောင်သွားမယ်ဆိုရင် ဒီဒေသကြီး အေးချမ်းသွားပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ နှစ်ဖက်အဖွဲ့အစည်းတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်မှ အရာရာအဆင်ပြေသွားမှာပါ။

ဦးအောင်မြင့်သိန်း၊ နယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ၊ မောင်တောမြို့

အခုလို ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နှစ်ဖက်အဖွဲ့အစည်းတွေနဲ့ လာရောက်တွေ့ဆုံဆွေးနွေးတာ အများကြီးဝမ်းသာပါတယ်။ ဒေသတွင်းဆက်သွယ်ရေးလမ်းတွေကောင်းဖို့၊ လျှပ်စစ်မီးရဖို့လိုအပ်ပါတယ်။ အဓိကကတော့ ဒေသတွင်းလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးက အဓိကအရေးကြီးပါတယ်။ **(သတင်းစဉ်)**

ASEAN-AIPA မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်မည့် AIPA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ ရောက်ရှိ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်၌ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့်အတူ တစ်ပြိုင်တည်းကျင်းပမည့် ASEAN-AIPA မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်မည့် AIPA အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များမှ ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ASEAN-AIPA မျက်နှာစုံညီ အစည်းအဝေးတက်ရောက်ကြမည့် AIPA ဥက္ကဋ္ဌ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Hon. Pany Yathotou ဦးဆောင်သောအဖွဲ့၊ AIPA Secretariat ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ် Hon; Mr.P.O. Rom jp ဦးဆောင်သောအဖွဲ့၊ ဘရူနိုင်းနိုင်ငံမှ Member of the Legislative Council (MP) Hon. PD Haji Yaakub PD HJ Zainal ဦးဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ First Vice-President of the National Assembly H.E.Dr. Nguon Nhel ဦးဆောင်သောအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ Chairman of the Committee for Inter-Parliamentary Cooperation Hon. Surahman Hidayat ဦးဆောင်သောအဖွဲ့၊ မလေးရှားနိုင်ငံမှ Deputy Speaker of the House of Representatives Hon. Dato' Ismail Mohamed Said ဦးဆောင်သောအဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံမှ Deputy Speaker of the House of Representatives Hon. Giorgidi B. Aggabao တို့သည် ည ၇ နာရီခွဲတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ အာဆီယံ ပါလီမန်များဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဦးဆောင်သောအဖွဲ့နှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

ငါးထောင်တန်မှ

ငါးထောင်ကို အမည်မသိလူနှစ်ဦးထံမှ မြန်မာငွေကျပ် သိန်းနှစ်ဆယ်ဖြင့် လဲလှယ်ပေးခဲ့သည်။ ယင်းငွေကို အသေးစိတ်မစစ်ဆေးဘဲ သိန်းနှစ်ဆယ်ပြည့်မပြည့်သာ စစ်ဆေးခဲ့သည်။ အမည်မသိလူနှစ်ဦး ဆိုင်မှထွက်သွားပြီး တစ်နာရီခန့်အကြာတွင် ယင်းငွေကို အသေးစိတ်စစ်ဆေးကြည့်ရာမှ အထူအပါးမတူညီ၍ ငွေအတုဟု သံသယဖြစ်ပြီး ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ အချိန်မီလိုက်သွားရာ မမီလိုက်၍ မေ ၇ ရက် ညနေ ၃ နာရီခွဲက ကျောက်မဲတောင်ရဲစခန်းသို့ သွားရောက်အပ်နှံကာ ကျောက်မဲတောင်ရဲစခန်းမှ ရဲအုပ်ဇော်လင်းက သက်သေများရှေ့တွင် ငါးထောင်တန် ငွေစက္ကူအတု ၁၄၃ ရွက်ကို သိမ်းဆည်းပြီး (ပ)၆/၂၀၁၄ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၈-ခ ဖြင့် အမှုဖွင့်ပြီး တရားခံများအား ဖမ်းဆီးအရေးယူနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်သွေးကြွအခြေစိုက်စခန်း ထူထောင်ဖွယ်ရှိမှု မလေးရှားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေ

မေ ၈ရက်က မသင်္ကာဖွယ် ဆိုမာလီစစ်သွေးကြွတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်လာစဉ်။

ကွာလာလမ်ပူ မေ ၉

မလေးရှားနိုင်ငံ၌ မသင်္ကာရသည့် စစ်သွေးကြွတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီးနောက် နိုင်ငံအတွင်း အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်သော ဆိုမာလီသူပုန်များက အခြေစိုက်စခန်းတစ်ခုထူထောင်ရန် လှုပ်ရှားနေခြင်း ရှိမရှိ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ကွာလာလမ်ပူတွင် မေ ၈ ရက်က အသက် ၃၄ နှစ်အရွယ်ရှိ ဆိုမာလီအမျိုးသား တစ်ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်။ အဖမ်းခံရသူသည် အရှေ့အာဖရိကဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သော အယ်လ်ရှာဘတ်သူပုန်အဖွဲ့နှင့် ဆက်နွှယ်မှုဖြင့် အင်တာပိုလ်(ခေါ်) နိုင်ငံတကာရဲတပ်ဖွဲ့က အလိုရှိနေသူဖြစ်သည်။

မလေးရှားရဲတပ်ဖွဲ့သည် နိုင်ငံအတွင်းသို့ ကျောင်းသားဗီဇာဖြင့် ဝင်ရောက်ခဲ့ကြသော လူငါးဦးကိုလည်း ရှာဖွေလျက်ရှိကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုစဉ်အတွင်း အကြမ်းဖက်သမားများ အချင်းချင်း အဆက်အသွယ်ပြုလုပ်နိုင်ရန်နှင့် တိုင်ပင်နှီးနှောနိုင်ရန် တွေ့ဆုံလေ့ရှိသည့် နေရာမှာ မလေးရှားနိုင်ငံဖြစ်လာကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်ကို ကိုးကားလျက် မလေးရှားနိုင်ငံ၌ ထုတ်ဝေသော အိုရီယင် တယ်လ်ဒေလီအမည်ရှိ သတင်းစာတွင် ရေးသားဖော်ပြထားသည်။

မလေးရှားနိုင်ငံကို အကြမ်းဖက်သမားများ ခိုလှုံရာနိုင်ငံအဖြစ် သတ်မှတ်နိုင်ခြင်း မရှိသော်လည်း အကြမ်းဖက်သမားများလှုပ်ရှားမှုအများဆုံး ဖိလစ်ပိုင်နိုင်ငံ ဆူလူပြည်နယ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေသည်ပြည်နယ်တို့၏ပင်လယ်ကမ်းရိုးတန်းဇုန်နယ်မြေမှ မဝေးကွာသောနေရာတွင် မလေးရှားနိုင်ငံရပ်တည်နေကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်လျက်ရှိ၍ လုံခြုံရေးဆိုင်ရာ အထူးစီမံချက်များ အက်ဥပဒေကဲ့သို့ ဥပဒေများဖြင့် အကြမ်းဖက်သမားများကို နှိပ်ကွပ်လျက်ရှိသည်ဟု ၂၀၁၃ ခုနှစ် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်သော အကြမ်းဖက်မှုအခြေအနေအမည်ရှိ လေ့လာချက်တွင် ဖော်ပြထားသည်။

မလေးရှားအာဏာပိုင်များသည် နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

ယူကရိန်းနှင့် တင်းမာမှုမြင့်မားနေချိန် ရုရှားနိုင်ငံ စစ်အင်အားပြသ

မော်စကို မေ ၉

ယူကရိန်းနိုင်ငံနှင့် တင်းမာမှုမြင့်မားနေချိန်အတွင်း ရုရှားနိုင်ငံက စစ်အင်အားပြသသည့်အနေဖြင့် မြို့တော်မော်စကိုရှိ ရင်ပြင်နီ၌ စစ်ရေးပြအခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံ၌ ပဋိပက္ခကြီးထွားနေချိန်အတွင်း ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံက ၎င်း၏ပိုင်နက်နယ်မြေနှင့် ချိတ်ဆက်လိုက်ပြီးနောက် ရက်သတ္တပတ်အနည်းငယ်မျှသာ ကြာမြင့်ချိန်တွင် "အောင်ပွဲနေ့" အထိမ်းအမှတ် စစ်ရေးပြပွဲကို ကျင်းပခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ရုရှားလိုလားသော ဆန္ဒပြသူများက လွတ်လပ်ရေးလိုလားခြင်းရှိမရှိ မဲပေးပွဲပြုလုပ်ရန် စီစဉ်နေချိန်တွင် ရုရှားက စစ်အင်အားပြသသည့်အနေဖြင့် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာက စစ်ရေးပြကြခြင်းဖြစ်သည်။ ရုရှားတပ်ဖွဲ့ဝင်များသည် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူများဖြစ်သည့်အပြင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ ရိုသေကြကြောင်း အောင်ပွဲနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြားသူ သမ္မတပူတင်က ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်တွင် ရုရှားတပ်ဖွဲ့များ အောင်ပွဲရရှိမှု ၆၉ နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများကို ခရိုင်းမီးယားဒေသ ဆီဗက်စတိုပိုလ်မြို့၌လည်း ကျင်းပရန်စီစဉ်ထားသည်။ **ပီတီအိုင်။**

ရုရှားအထူးရေတပ်ဖွဲ့ကြီးကို ဗြိတိန်ဖျက်သင်္ဘောက ခြေရာခံလိုက်မည်ဟုဆို

လန်ဒန် မေ ၉

အင်္ဂလိပ်ရေလက်ကြားကို အစဉ်အလာမဟုတ်သည့် ကြီးမားသော ရုရှားရေတပ်ဖွဲ့ကြီး ဖြတ်သန်းသွားခြင်းအား လိုက်လံခြေရာခံထောက်လှမ်းရန်အတွက် ဖျက်သင်္ဘောတစ်စင်းကို တာဝန်ပေးခဲ့ကြောင်း ဗြိတိန်နိုင်ငံက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြောကြားသည်မှာ ၎င်း၏လေကြောင်းပိုင်နက်အနီးတွင် ရုရှားလေတပ်သည် ပြန်လည်လှုပ်ရှား မှုပြုလာသည်ဟု ဆိုသည်။

ရုရှားရေတပ်ဖွဲ့ကို ပုံမှန်အတိုင်း နောက်ယောင်ခံလိုက်ရန်အတွက် ဗြိတိန်နိုင်ငံ၏ အသစ်ဆုံးနှင့် ခေတ်အမီဆုံးသင်္ဘောများအနက် တစ်စင်းဖြစ်သည့် "အိတ်ချ်အမ်အက်(စ်)ဒရာဂွန်" ကို စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ **(အပေါ်ပုံ)**

ရုရှားတို့သည် ၎င်းတို့ဖြတ်သန်းမည့် အစီအစဉ်ကို ကြိုတင်အကြောင်းကြား အသိပေးသည်ဟု ဆိုသည်။

ထူးခြားသည်မှာ ဤကဲ့သို့ အင်အားကြီးမားသောရုရှားရေတပ်ဖွဲ့သည် ၎င်းတို့၏ ကမ်းခြေကို ဖြတ်သန်းသွားလာခြင်း မပြုခဲ့သည့် အချိန်ကာလသည် အလွန်ပင်ကြာခဲ့ပြီဖြစ်ကြောင်း အိတ်ချ်အမ်အက်(စ်)ဒရာဂွန်သင်္ဘော၏ တပ်မှူးက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ရုရှားအထူးရေတပ်ဖွဲ့တွင် လေယာဉ်တင်သင်္ဘော အက်(ဒ်)မီရယ်ကူဇတ်နက်ဆော့ဗ်နှင့်အတူ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးခရူဇာတစ်စင်း၊ အထောက်အကူပြု သင်္ဘောတစ်စင်း၊ ရေနံတင်သင်္ဘောသုံးစင်း၊ ဆွဲသင်္ဘောတစ်စင်းတို့ ပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

လွန်ခဲ့သည့်လတွင် စကော့တလန် ကမ်းလွန်လေကြောင်းပိုင်နက်နှင့် နီးကပ်စွာ ရုရှားစစ်လေယာဉ်များ ပျံသန်းနေသဖြင့် ဗြိတိသျှတိုက်လေယာဉ်များက ယင်းတို့ကို မောင်းထုတ်ခဲ့ရသည်ဟု ဆိုသည်။ **ရိုက်တာ။**

အခွန်လိမ်သည့် အီတလီ ဝန်ကြီးချုပ်ဟောင်း လူမှုရေးလုပ်ငန်းများကို စတင်ထမ်းဆောင်

ရောမ မေ ၉

အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလပ်(စ်)ကိုနီသည် လူမှုရေးလုပ်ငန်းများကို တစ်နှစ်တာထမ်းဆောင်ရန်အတွက် မီလန်မြို့အနီးရှိ စောင့်ရှောက်ရေးဂေဟာတစ်ခုသို့ သောကြာနေ့တွင် ရောက်ရှိလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အခွန်လိမ်လည် တင်ပြခဲ့ခြင်းအတွက် ၎င်းကို ထောင်ဒဏ်လေးနှစ်ကျခံစေရန် ယမန်နှစ်တွင် အပြစ်ပေးခဲ့သည်။ သို့သော် စိတ်ရောဂါသည် သက်ကြီးလူနာများကို ရက်သတ္တတစ်ပတ်လျှင် လေးနာရီကြာ ပြုစုစောင့်ရှောက်စေရမည်ဟု ပြစ်ဒဏ်လျှော့ပေါ့ပေးခဲ့သည်။

အသက် ၇၇ နှစ် ရှိပြီဖြစ်သော ဘာလပ်(စ်)ကိုနီကို အခြားသောကူညီသူများကဲ့သို့ပင် ဆက်ဆံမည်ဖြစ်ကြောင်း ကက်သလစ်စောင့်ရှောက်ရေးဂေဟာက ပြောသည်။

၁၉၉၀ ခုနှစ်ပြည့်တွင် ၎င်း၏ ကုမ္ပဏီမီဒီယာဆက်က ရုပ်/သံမှုပိုင်ခွင့်များဝယ်ယူခြင်းနှင့် ပတ်သက်ပြီး ယမန်နှစ်၌တရားရုံးကငင်းကိုပြစ်ဒဏ်စီရင်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံ၏ တရားဥပဒေတွင် အသက် ၇၀ ကျော် လူကြီးများကို ညှာတာထောက်ထားသောအားဖြင့် ထောင်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။ ပြစ်ဒဏ်လျှော့ပေါ့ပေးရာတွင် ဘာလပ်(စ်)စကိုနီသည် နေအိမ်အကျယ်ချုပ်ကိုမရွေးချယ်ဘဲ လူမှုရေးလုပ်ငန်းများ ထမ်းရွက်ရန် ရွေးချယ်ခဲ့သည်။

၎င်းသည် ၎င်း၏ နိုင်ငံကူးလက်မှတ်ကိုသက်ဆိုင်ရာသို့ အပ်နှံရမည့်အပြင် ပြည်တွင်းခရီးသွားလာခြင်းကိုလည်း တားမြစ်ပိတ်ပင်ခြင်း ခံရမည်ဖြစ်သည်။ **ဘီဘီစီ။**

မြို့တော် ဗန်ကောက်၌ ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးသုံး၍ လူစုခွဲ

ဗန်ကောက်ရှိ အမျိုးသားရုပ်မြင်သံကြားဌာန အဆောက်အအုံရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဗန်ကောက် မေ ၉

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ အစိုးရရုံး အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းကြသော ဆန္ဒပြသူ လူရာပေါင်းများစွာကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးနှင့် မီးသတ်ပိုက်များအသုံးပြုကာ လူစုခွဲလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဖျက်သိမ်းရန်တောင်းဆို

ဝန်ကြီးချုပ်ယင်လပ်ရှင်နာဝါထရာအား ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် ခန့်အပ်ခံရသော အိမ်စောင့်အစိုးရအဖွဲ့ကို ဖျက်သိမ်းပေးရန် ဆန္ဒပြသူများက တောင်းဆိုကြသည်။

အစိုးရ၏ လုံခြုံရေးကွပ်ကဲမှု ဌာနချုပ်ရုံး၏ အတားအဆီးများကို ချိုးဖျက်ကာ ဝင်ရောက်ရန် ကြိုးပမ်းသူ ဆန္ဒပြသမားငါးဦး ဒဏ်ရာရခဲ့သည်။

မြို့တော်ဗန်ကောက်ရှိ ရုပ်မြင်သံကြားဌာနများ၊ အစိုးရရုံးများနှင့် ရဲတပ်ဖွဲ့စခန်းများကို ဝန်းရံပိတ်ဆို့မည်ဟု ဆန္ဒပြသူများက ခြိမ်းခြောက်ခဲ့ကြသည်။

အတိုက်အခံဒီမိုကရက်တစ်ပါတီမှ ခေါင်းဆောင်များက လူထုစည်းဝေးပွဲများသို့ ပြည်သူများ တက်ရောက်ရန် ဆော်ဩခဲ့ကြသည်။ **ရိုက်တာ။**

ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် OECD နှစ်ပတ်လည် ဝန်ကြီးများကောင်စီ အစည်းအဝေးသို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

နေပြည်တော် မေ ၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် OECD အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဂါရီယာတို့၏ ဖိတ်ကြားချက်အရ ပြင်သစ်နိုင်ငံ ပါရီမြို့၌ မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပသော ၂၀၁၄ ခုနှစ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(OECD) နှစ်ပတ်လည်ဝန်ကြီးများ ကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြင်သစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးဟန်သူတို့သည် မေ ၅ ရက်တွင် ပြင်သစ်နိုင်ငံ အခြေစိုက် BOUYGUES ENERGIES & SERVICES ကုမ္ပဏီမှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားရေးမှူး Mr. Davide Lascar နှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာ အခြေအနေများအား ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ OECD ဌာနချုပ်၌ ကျင်းပသော FOCUS ON SOUTHEAST ASIA FORUM တွင် သဘာပတိအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပြီး ကမ္ဘာ့စီးပွားရေးတွင် OECD သည် ထင်ရှားကြီးမားသော အဖွဲ့အစည်းဖြစ်ပြီး သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအတွက် ကောင်းမွန်သော မူဝါဒရေးရာ ထောက်ခံချက်များကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း၊ OECD ၏ အရှေ့တောင်အာရှဒေသတွင်း စီမံချက်များကို ကြိုဆိုပါကြောင်း၊ ထိုစီမံချက်များသည် OECD နှင့် ASEAN တို့အကြား ခိုင်မြဲသော မိတ်ဖက်များအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Multi-Dimensional Review on Myanmar နှင့် OECD Investment Policy Review (Myanmar) ကို သုတေသနပြုပြီး ထုတ်ဝေခြင်းအတွက် OECD အား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကျေးဇူးတင်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အကူအညီအထောက်အပံ့ဖြစ်ပါကြောင်း ပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၆ ရက် နံနက် ၈ နာရီတွင် OECD အထွေထွေအတွင်းရေးမှူးချုပ် Mr. Angel Gurria နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေမှု၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေပြုပြင်ရေးဆွဲမှုနှင့် OECD ၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် OECD နှစ်ပတ်လည် ဝန်ကြီးများ ကောင်စီအစည်းအဝေးသို့ တက်ရောက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ OECD အထွေထွေအတွင်းရေးမှူးချုပ်၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးဝန်ကြီးတို့နှင့်အတူ သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်မှု အရင်းအမြစ်အသစ်များ စဉ်ဆက်မပြတ် သင်ယူရေး၊ အလုပ်အကိုင် အဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးစိန်ခေါ်မှုများအပေါ် ဖြေရှင်းရန် နည်းလမ်းအသစ်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် L' Agence Francaise de Development (AFD) ဌာနချုပ်၌ ပြင်သစ်သမ္မတနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး (Minister of State for Development and Francophony) Ms. Annick GIRARDIN နှင့် တွေ့ဆုံ၍ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် OECD ဌာနချုပ်၌ ဖင်လန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Matti ANTTONEN နှင့်လည်းကောင်း၊ ကုလသမဂ္ဂ၏ သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Margareta Wahlstrom နှင့်လည်းကောင်း၊ OECD ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Mario Pezzini နှင့်လည်းကောင်း၊ OECD ငွေကြေးလုပ်ငန်း ညွှန်ကြားမှုဌာနမှ Ms. Fianna Jurdant နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေး၊ ဥရောပဈေးကွက်သို့ ပို့ကုန်တင်ပို့ယှဉ်ပြိုင်ရေး၊ သတ္တုတူးဖော်ရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ဆွေးနွေးပြောကြားခဲ့သည်။

မေ ၇ ရက်တွင် MEDEF International (Mouvement des Enterprises de France) မှ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ Mr. Thierry COURTAIGNE ဦးဆောင်သော ပြင်သစ်ကုမ္ပဏီ ၁၆ ခုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းများ၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်(၇)ရပ် အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြုပြင်ရေးဆွဲမှု အခြေအနေ၊ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှု အခြေအနေ၊ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေတို့အား ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူတို့ သိလိုသည့် ကိစ္စများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုသိုလ်တော်ဘုရားကျောက်စာများ

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရောက်မှုအထိမ်းအမှတ်

Logo စိုက်ထူပွဲ ကျင်းပ

မန္တလေး မေ ၉

ကုသိုလ်တော်ဘုရားကျောက်စာများ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရောက်မှု အထိမ်းအမှတ် Logo စိုက်ထူပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီးရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားတောင်ဘက်မုခ်မင်းတုန်းမင်းရုပ်တု အနီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်၊ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

၁၉၉၂ ခုနှစ်တွင် ယူနက်စကိုသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းအစီအစဉ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသုံးချခွင့်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ယင်းအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန်ဖြစ်သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းသို့ ကုသိုလ်တော်ကျောက်စာချပ်များကို ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်တွင် တင်သွင်းခဲ့ရာ ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၁ ရက်ထိ ကိုရီးယားသမ္မတနိုင်ငံ ဂွမ်ဂျူးမြို့တွင် ကျင်းပသည့်အစည်းအဝေး၌ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်က သဘောတူအတည်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ်UNESCO Memory of the world စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သည်။

ကုသိုလ်တော်ဘုရားကျောက်စာချပ်များမှာ ကျောက်စာချပ် ၇၂၉ ချပ်ရှိပြီး ၁၈၆၈ ခုနှစ်တွင် ဗုဒ္ဓဘာသာပိဋကတ် ကျမ်းတစ်ခုလုံးကို ကျောက်ထက်ကမ္ပည်းအက္ခရာတင်ခဲ့ပြီး ကျောက်ချပ်တစ်ချပ်ချင်းစီကို ကျောက်စာရုံတွင်ထားခဲ့သည်။ ကုသိုလ်တော်ဘုရားမှ ပိဋကတ်သုံးပုံကျောက်စာများသည် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘာသာကိုလေ့လာလိုက်စားသူများအတွက် အတုမရှိ တန်ဖိုးထားရမည့် ပိဋကတ်တော်များဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

အာဆီယံအစည်းအဝေးများနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ ပြည်သူများ၏ စကားသံများ

နေပြည်တော်၌ မေ ၈ ရက်နှင့် ၉ ရက်တို့တွင် အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို ကျင်းပခဲ့ပြီး မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အာဆီယံထိပ်သီးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးအတွက်လည်း ဆွေးနွေးဖော်ဆောင်ကြရန်ရှိရာ အာဆီယံ အစည်းအဝေးများသည် အစိုးရအဖွဲ့များနှင့်သာမက လူထု လူတန်းစားအားလုံးနှင့် သက်ဆိုင်သော အစည်းအဝေးများဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးများနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ ပြည်သူများ၏ စကားသံအချို့ကိုလည်း မေးမြန်းပြီး တင်ပြလိုက်ပါသည်-

ဦးဘိုစိုး
လက်ထောက်အထွေထွေမန်နေဂျာ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)

အရင်တုန်းက မြန်မာနိုင်ငံက အကြောင်းအမျိုးမျိုးကြောင့် အထီးကျန်ခဲ့ရပါတယ်။ အဲဒီကနေ အာဆီယံအဖွဲ့ဝင်ဖြစ်လာပါတယ်။ အာဆီယံအဖွဲ့ဝင်ဖြစ်စေကာမူ အကြောင်းကြောင်းသော အကြောင်းများကြောင့် အလှည့်ကျဥက္ကဋ္ဌ တာဝန်မယူနိုင်ခဲ့ဘဲ စွန့်လွှတ်ခဲ့ရပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ယူပြီးတော့ အာဆီယံထိပ်သီးအစည်းအဝေးကြီးအပါအဝင် အစည်းအဝေးတွေကို လက်ခံကျင်းပနိုင်တဲ့အတွက် ဝမ်းသာတယ်၊ ဂုဏ်ယူပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ဒီဇင်ဘာမှာ ကျင်းပတဲ့ (၂၇)ကြိမ်မြောက် အာဆီယံဆီးဂိမ်းပြိုင်ပွဲကြီးကိုလည်း လူတွေကအောင်မြင်ပါ့မလား၊ ဖြစ်မှဖြစ်ပါ့မလား စိတ်ပူခဲ့ကြတယ်။ အဲဒါကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့တာကို မျက်မြင်လက်တွေ့ တွေ့ခဲ့ရပါတယ်။ အခု အာဆီယံဥက္ကဋ္ဌ တာဝန်ကျတဲ့အခါမှာလည်း အာဆီယံထိပ်သီးအစည်းအဝေးကို ဘယ်သူတွေ ဘယ်လိုပြောပြော ကျွန်တော်တို့က အိမ်ရှင်အဖြစ် အစည်းအဝေးတွေကို အောင်အောင်မြင်မြင်နဲ့ သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ယုံလည်းယုံကြည်ပါတယ်။

ဦးထွန်းရည်
(ရွှေပြည်တန်ဂျာနယ် အယ်ဒီတာချုပ်)

သတင်းသမား တစ်ယောက်အနေနဲ့ ပြောရရင် ကျွန်တော်တို့ နိုင်ငံကို လူသိများလာမယ်။ အာဆီယံနဲ့ ပတ်သက်ပြီး အဘက်ဘက်က တိုးတက်မှုတွေလည်း ရလာမယ်။ အမြင်တွေ ဖလှယ်နိုင်မယ်။ မျိုးဆက်သစ်တွေအတွက် အကျိုးကျေးဇူးတွေရလာမယ်။ ပိုကောင်းလာမယ်။ ကိုယ့်နိုင်ငံမှာ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပတဲ့အတွက် ဂုဏ်လည်းယူတယ်။ အာဆီယံအသိုင်းအဝိုင်းမှာ လူသိများလာမယ်။ ကမ္ဘာမှာလည်း လူသိများလာမယ်။ အခုလို ကျင်းပတဲ့အတွက် နိုင်ငံအတွက် မျက်စိပွင့်၊ နားပွင့်လာမယ်။ အကျိုးကျေးဇူးတွေလည်းရှိလာမယ်လို့ မျှော်လင့်တယ်။

ဦးဖေမြင့်
(CB Bank ဦးဆောင်ညွှန်ကြားရေးမှူး)

မေ ၁၀ ရက်နဲ့ ၁၁ ရက်မှာ ကျင်းပမယ့် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ၂၀၁၅ မှာ ကျင်းပမယ့် အာဆီယံအသိုက်အဝန်းကို ကိုယ့်နိုင်ငံမှာ ကျင်းပတော့ ဂုဏ်ယူစရာကောင်းပါတယ်။ အာဆီယံအသိုင်းအဝိုင်းမှာ ကိုယ့်နိုင်ငံ ဝင်ဆံ့တော့ အမြင်ချင်းဖလှယ်တာတွေ၊ အတွေ့အကြုံတွေရမယ်။ ကိုယ့်ဘက်က ဘယ်လိုပြင်ဆင်ထားရမလဲ။ နိုင်ငံအတွက်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ နည်းပညာတွေ ရရှိလာရင်တော့ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမယ်။ နိုင်ငံအတွက် အကျိုးရှိလာမယ်။

မတင်မိုးလွင်
(Model Agency)

အရင်ကထက်ပိုပြီးတော့ ကမ္ဘာကရော၊ အာဆီယံကရော အာရုံလည်းစိုက်လာတယ်၊ ပိုလည်းနွေးထွေးလာတယ်လို့ထင်ပါတယ်၊ ဒါကြောင့်မို့လို့ ကောင်းမွန်တဲ့အလားအလာတွေလည်းအများကြီး မြင်နေရတယ်။ ကောင်းမွန်တဲ့ ဖြစ်ပျက်မှုတွေလည်း အများကြီး ပေါ်ထွန်းလာမယ်လို့ ထင်ပါတယ်။ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက် တိုးတက်မှုတွေ၊ ဆွေးနွေးနှီးနှောဖလှယ်မှုတွေ အများကြီး အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှုအားလုံးပါပဲ။

မြန်မာနိုင်ငံမှာ အခုလိုမျိုးအာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်တဲ့အတွက်လည်း ကျွန်မတို့နိုင်ငံသူနိုင်ငံသားများ အထူးကို ဝမ်းမြောက်ဂုဏ်ယူနေပါတယ်။ ဖြစ်ပေါ်လာမယ့် ကောင်းမွန်တဲ့၊ အရေးကြီးတဲ့၊ အရေးပါတဲ့ဆုံးဖြတ်ချက်တွေအားလုံးလည်း တိုင်းပြည်နဲ့လူမျိုး၊ ကျွန်မတို့မြန်မာလူမျိုးအတွက်ရော၊ အခြားသော တိုင်းပြည်များအတွက်ပါ နှစ်ဦးနှစ်ဖက်၊ သုံးဦး သုံးဖလှယ် Win Win Situation အဲဒီလို အခြေအနေမျိုး ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

ဦးသန်းလွင်
(ဒုတိယဥက္ကဋ္ဌ-၂ ကမ္ဘောဇဘဏ်လီမိတက်)

အာဆီယံထိပ်သီးအစည်းအဝေးကို ကျွန်တော်တို့မြန်မာပြည်က ဒီနှစ်မှာ ပထမဆုံးအကြိမ် တာဝန်ယူတာမို့ အင်မတန်ကြီးကျယ်တဲ့ပွဲဖြစ်ပါတယ်။ အာဆီယံနိုင်ငံ အသီးသီးမှာရှိတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စရပ်တွေကို ခေါင်းဆောင်တွေအားလုံး လာပြီး ဒီမှာ လာဆွေးနွေးမှာကို ပြည်သူလူထုအနေနဲ့၊ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးရှုထောင့်က ကြည့်ရင်လည်း သိပ်ကောင်းပါတယ်။ နိုင်ငံရေးရှုထောင့်ကကြည့်ရင်လည်း သိပ်ကောင်းတယ်၊ ပြီးတော့ အကြံဉာဏ်တွေလာမယ်၊ ဆွေးနွေးမယ်၊ ကျယ်ကျယ်ပြန့်ပြန့်ပြောမယ်။ ဒီဒေသမှာဆိုပေမယ့်လို့လည်း တစ်ကမ္ဘာလုံးက အမြင်တွေရှိလည်းရှိတယ်၊ ဒေသကလူတွေကလည်း ကမ္ဘာ့အမြင်တွေရှိတယ်၊ တစ်နည်းအားဖြင့် ပြောရင်တော့ ကမ္ဘာ့အမြင်တွေ ကျွန်တော်တို့ရမယ်။

ထိပ်သီးအစည်းအဝေးဆိုပေမယ့် ခေါင်းဆောင်တွေ အစည်းအဝေးသာမကဘဲ ဆက်စပ်အစည်းအဝေးတွေ အများကြီးလုပ်သေးတာကိုး။ အဲဒီအစည်းအဝေးတွေကလည်း အားလုံး ကိုယ့်နိုင်ငံအတွက် အကျိုးပြုတယ်လေ။ ဆက်စပ်အစည်းအဝေးတွေကလည်း အများကြီးပါ၊ ဒါတွေကလည်း နိုင်ငံအတွက်အကျိုးပြုမှာဖြစ်ပါတယ်။ ကိုယ့်တိုင်းပြည် တိုးတက်ရာတိုးတက်ကြောင်း ရှေ့သွားမယ့်ခရီးအတွက်ကို သိပ်အထောက်အကူပြုတဲ့ အစည်းအဝေးဖြစ်တယ်လို့ ပြောချင်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ဒါလည်းလူတိုင်း စိုးရိမ်ကြတာပေါ့။ ဘာလို့လည်းဆိုတော့ ကိုယ့်ပြည်တွင်းဈေးကွက်ကို ဖွင့်ပေးရမယ်၊ ကိုယ့်နိုင်ငံက နည်းနည်းဖွံ့ဖြိုးမှုနောက်ကျနေတော့ စိုးရိမ်မှုရှိကြတာပေါ့၊ စီးပွားရေးအရဖွင့်ပေးရမယ်။ ဖွင့်ပေးရင်တော့ ခုနကပြောသလို ဘယ်ပုံဘယ်နည်းဖွင့်မလဲဆိုတာ ဒီထိပ်သီးဆွေးနွေးပွဲမှာ ပါလာလိမ့်မယ်။ ဘယ်လိုဖွင့်ရင်ကောင်းမလဲ၊ ဘယ်နည်းနဲ့သွားရင်ကောင်းမလဲ၊ အထူးသဖြင့် မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့နိုင်ငံဖြစ်တော့ ဘယ်နည်းနဲ့ ဘယ်လိုခြေလှမ်းမျိုးလှမ်းရင် သင့်သလဲဆိုတာ ဆွေးနွေးပွဲမှာ အဖြေပေါ်မယ်လို့ထင်ပါတယ်။

ဦးလှမောင်
(အောင်ချိန်ဘွား)

ထိပ်သီးအစည်းအဝေးပွဲကြီးကို တာဝန်ယူပြီးကျင်းပမယ်ဆိုရင် အရေးအကြီးဆုံးက ကိုယ့်နိုင်ငံဘာတွေရမလဲ။ ကိုယ့်နိုင်ငံအတွက် ဘာတွေလုပ်ပေးနိုင်မလဲ။ အဲဒီထိပ်သီးအစည်းအဝေးက ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေထဲက အကောင်အထည်ဖော်တဲ့နေရာမှာ ကိုယ့်နိုင်ငံ ဘယ်လောက်အထိ အကျိုးရှိပြီး တိုးတက်သွားမလဲဆိုတဲ့ အဲဒီအနှစ်သာရကို ရအောင်ယူဖို့အရေးကြီးပါတယ်။

ဦးကျော်ကျော်လှိုင်
(Smart)

ကျွန်တော်တို့ အာဆီယံဥက္ကဋ္ဌတာဝန်ကိုယူလိုက်တဲ့ အချိန်မှာ ကျွန်တော်တို့က Theme ရွေးရပါတယ်။ စည်းလုံးညီညွတ်ခြင်းဖြင့် ငြိမ်းချမ်းသာယာပြီး ချမ်းသာကြွယ်ဝတဲ့ လူ့အဖွဲ့အစည်းဆီသို့ ဆိုတာက ကျွန်တော်တို့နိုင်ငံဖြစ်ချင်တာနဲ့လည်း အံကိုက်ပါပဲ။ အဲဒါကို ကျွန်တော်တို့ နိုင်ငံဖြစ်ချင်ရုံသာမကဘူး အာဆီယံအသိုက်အဝန်းကိုလည်း ဆွဲခေါ်သွားတယ်။ သိပ်ကောင်းပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့တံဆိပ်။ အာဆီယံတံဆိပ် ရွေးလိုက်တာကိုလည်း ကျွန်တော်တို့ သိပ်ကြိုက်ပါတယ်။ ခရေပန်းကိုရွေးသွားတယ်။ ခရေပန်းဆိုတာ လူတိုင်းကြိုက်တဲ့ပန်း။ ခရေပန်းနဲ့ သရုပ်ဖော်သွားတယ်။ အောက်က အစိမ်းရောင်ကိုခံပြီး ရွေးထားတာကို ကျွန်တော်တို့ အလွန်သဘောကျစရာကောင်းပါတယ်လို့ ပြောချင်ပါတယ်။

အေအီးစီအသိုက်အဝန်း ဖြစ်လာတဲ့အခါ မူပိုင်ခွင့်ကို အချို့နိုင်ငံတွေက ကျင့်သုံးနေတယ်။ ဥပမာ စင်ကာပူနိုင်ငံဆိုရင် မူပိုင်ခွင့်ကို ပြင်းပြင်းထန်ထန်ကျင့်သုံးနေတယ်။ ကျွန်တော်တို့ နိုင်ငံကတော့ မူပိုင်ခွင့်ကို မကျင့်သုံးဘူးဆိုရင် ဘာဖြစ်လာမလဲ စသည်ဖြင့် ဒါတွေကို တစ်ယောက်နဲ့တစ်ယောက်ညှိဖို့၊ In Line ဖြစ်ဖို့လိုပါတယ်။ နောက်တစ်ချက်ကလည်း In Line ဖြစ်ဖို့သာမကဘူး၊ ရှိပြီးသား ဥပဒေတွေကို တိတိကျကျအရေးယူတာ၊ ဥပဒေရဲ့အပေါ်မှာ ဘယ်သူမှမရှိတာ။ ဒီအချက်တွေကလည်း အရေးကြီးပါတယ်။ အသိုင်းအဝိုင်းနဲ့ဖြစ်လာပြီဆိုရင် ကိုယ်က သိက္ခာရှိမှ ကိုယ့်ကို သူများက လေးစားပါမယ်။ ကိုယ်က သိက္ခာရှိဖို့ဆိုတာ ဥပဒေတွေရှိရုံနဲ့ မလုံလောက်ပါဘူး။ ဒီဥပဒေတွေကို တိတိကျကျလိုက်နာဖို့ အရေးကြီးပါတယ်။ ဒီဥပဒေအပေါ်မှာ ဘယ်သူမှ မရှိဘူးဆိုတဲ့ဟာကို ကျွန်တော်တို့က အာဆီယံ အသိုက်အဝန်းသာမက တစ်ကမ္ဘာလုံးကို ပြဖို့လိုပါတယ်ဟု ၎င်းတို့၏ အမြင်များကို ပြောကြားကြသည်။ ။

မတင်မိုးလွင်
(Model Agency)

ဦးသန်းလွင် (ဒုတိယဥက္ကဋ္ဌ-၂ ကမ္ဘောဇဘဏ်လီမိတက်)

ဦးလှမောင်
(အောင်ချိန်ဘွား)

ဦးကျော်ကျော်လှိုင်
(Smart)

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
ရီရီ၊ ဥမ္မာ၊ ခင်ချိုဝင်း

အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးများကျင်းပ

နေပြည်တော် မေ ၉

အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပသည်။

အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် နေပြည်တော်ကြေညာချက်(မူကြမ်း)ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး (Drafting Group Meeting) ကို နံနက် ၉ နာရီတွင် အဆိုပါဟိုတယ်ရှိ ပုဂံခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အိအိခင်ဇော သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ လုပ်ငန်းအဖွဲ့များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် နေပြည်တော်ကြေညာချက်(မူကြမ်း)ကို အပြီးသတ်ညှိနှိုင်းဆွေးနွေးကြသည်။

ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် အရှေ့အာရှဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေး (BIMP-EAGA Senior Official's Preparatory Meeting) ကို နံနက် ၉ နာရီတွင် သံလွင်ခန်းမ၌ကျင်းပရာ အဆိုပါနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များတက်ရောက်ဆွေးနွေးခဲ့ကြသည်။

အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေး (Preparatory Meeting of the ASEAN Senior Officials) ကို မွန်းလွဲ ၁ နာရီခွဲတွင် ဧရာဝတီခန်းမ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ညှိနှိုင်းဆွေးနွေးကြပြီး ယင်းအစည်းအဝေးမှ ဆွေးနွေးမှုရလဒ်များကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား သင်္ဂဟဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ပြင်ဆင်သည့်အစည်းအဝေး (Preparatory Meeting of the ASEAN Senior Officials) ကို ဧရာဝတီခန်းမ၌ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေး (BIMP-EAGA Senior Official's Preparatory Meeting) ကို သံလွင်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံစီးပွားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၉

အာဆီယံစီးပွားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ခါကာဘိုရာဇီ ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံမှ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ ဒေါ်သန်းသန်းလင်းက အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှ စီးပွားရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ Blue Print အပေါ်အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာနိုင်ငံအလိုက် အဆင့်သတ်မှတ်ချက်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှုတွင် အခြေခံရမည့် မူဝါဒများ၊ ၂၀၁၄ နေပြည်တော်ကြေညာစာတမ်းတွင် ပါဝင်သည့်အချက်များ၊ ၂၀၁၄ ခုနှစ် ဩစတြေးလျနိုင်ငံ ကွင်းစလန်၌ ကျင်းပမည့် G-20 ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများကိုယ်စား အာဆီယံကဏ္ဍကို မြန်မာနိုင်ငံက ဦးဆောင်ဆွေးနွေးရာ၌ ပါဝင်သင့်သည့်အချက်များအပါအဝင် ASEAN Economic Community သို့ တင်ပြအဆုံးအဖြတ်ယူရမည့်ခေါင်းစဉ်များကို အပြီးသတ်ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ၂၀၀၇ ခုနှစ်ကထုတ်ပြန်ခဲ့သည့် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ Blue Print တွင် ပါဝင်သည့် SMEs လုပ်ငန်းများ ပိုမိုတိုးတက်ခိုင်မာရေးကို အလေးထားဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီးတို့က ASEAN Economic Community သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် စီးပွားရေးဆိုင်ရာဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများကို နေပြည်တော်ရှိ Mount Pleasant Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

❖ အမျိုးဘာသာမှ

အမှူးပြုသော အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို) မှ ဆရာတော် ၂၂ ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ၊ အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)မှ ဥပါသကာများနှင့် ဥပါသိကာများ တက်ရောက်ကြသည်။

ဩဝါဒခံယူပွဲတွင် အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌဆရာတော်က ဦးစွာလျှောက်ထားရာတွင် ယခုလတ်တလော အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့နှင့်ပတ်သက်၍ မလိုလားအပ်သည့် သတင်းထုတ်ပြန်ချက်များကို အင်တာနက်များ၊ မီဒီယာများ၊ စာနယ်ဇင်းများ၌ တွေ့နေရပါကြောင်း၊ ထိုသတင်းများထဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က ဦးဆောင်၍ ကန့်ကွက်မည်၊ ဆန္ဒပြမည်၊ ဖြုတ်ချမည်စသော သတင်းများလည်း တွေ့နေရ၊ ကြားသိနေရပါကြောင်း၊ ထိုကိစ္စမျိုးကို အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က လုပ်ဆောင်ရန် လုံးဝအစီအစဉ်မရှိပါကြောင်း၊ နောင်လည်း ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း၊ လုပ်ဆောင်နေသူများကိုလည်း အားပေးအားမြှောက်ပြုမည် မဟုတ်ကြောင်း၊ အဆိုပါ သတင်းမျိုးကို ဖန်တီးမှုများသည် တိုင်းပြည်၏ စည်းလုံးညီညွတ်ရေးကို ပျက်ပြားအောင်၊ အမျိုးဘာသာ သာသနာပျက်စီးအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေမှုများသာဖြစ်ပါကြောင်း၊ အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့၏ သဘောထားမှာ ၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ကျင်းပမည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကြိုဆိုထောက်ခံပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာသနာတော် တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းကို စွမ်းနိုင်သလောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်မည်သာဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့အတွက် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးကိစ္စများကို တစ်တပ်တစ်အား ကူညီဆောင်ရွက်ပေးသွားမည်သာဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အခြားလူမျိုး၊ အခြားဘာသာများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးရန် လုံးဝအစီအစဉ်မရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပေါ်စေရန်သာဖြစ်ပါကြောင်း၊ အမျိုးဘာသာသာသနာအတွက် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့၏ အဖွဲ့အစည်းအဆင့်ဆင့်များသည် မိမိတို့ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ အမျိုးစောင့်ဥပဒေပေါ်ပေါက်ရေးအတွက် အကောင်အထည်ပေါ်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ၂၀၁၄ ခုနှစ် ဇွန် ၂၁၊ ၂၂ ရက်ကို အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့၏ နှစ်ပတ်လည်ညီလာခံကျင်းပမည့်နေ့ရက်အဖြစ် သတ်မှတ်အတည်ပြုပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က မိမိတို့သံဃာတော်အချင်းချင်း ညီရင်းအစ်ကို၊ မိဘနှင့်သားသမီးစိတ်ဓာတ်ဖြင့် ညီညွတ်ရန်လိုကြောင်း၊ ပွင့်ပွင့်လင်းလင်းလျှောက်ထားဆွေးနွေးရန်လိုကြောင်း၊ မည်သည့်ကိစ္စမဆို အသိပေး၍ တိုင်တိုင်ပင်ပင် လုပ်ရန်လိုကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း စိတ်တူသဘောတူ လုပ်မည်ဖြစ်ကြောင်း၊ ဘာသာသာသနာဆိုင်ရာ လုပ်ငန်းကြီးများလုပ်မည်ဆိုပါက ဒွိဟဖြစ်နေသည့် ကိစ္စရပ်များရှိပါက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့လျှောက်ထားနိုင်ပါကြောင်း၊ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့က ဩဝါဒခံယူမည့်အကြောင်း လျှောက်ထားသဖြင့် ဝမ်းသာမိပါကြောင်းနှင့် ယခုဩဝါဒခံယူပွဲကို သက်ဆိုင်ရာတာဝန်ရှိသူများက အမှန်အတိုင်း သတင်းထုတ်ပြန်ပေးဖို့ မေတ္တာရပ်ခံလိုကြောင်း ဩဝါဒချီးမြှင့်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ ဩဝါဒချီးမြှင့်မှုနှင့်ပတ်သက်၍ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်က ဆရာတော်ကြီး၏ ဩဝါဒကို လိုက်နာမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းကို လိုလားပါကြောင်း၊ မိမိတို့အဖွဲ့သည် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအတွက် နံပါတ်တစ်ထား၍ လုပ်ဆောင်နေပါကြောင်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီကိုမျှ မရည်ရွယ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် လက်တွဲရမည်၊ အချင်းချင်းမညီညွတ်ပါကဆိုးကျိုးများသာရရှိမည်ဖြစ်ကြောင်း၊ နောင်တွင်လည်းလူလွှတ်၍ ဖြစ်စေ၊ ဖုန်းဆက်၍ဖြစ်စေ အချိန်မရွေးခေါ်ယူဩဝါဒပေးနိုင်ပါကြောင်းနှင့် ဖြစ်ပေါ်နေသည့် သတင်းနှင့်ပတ်သက်၍ ဦးပါမောက္ခကို မေးမြန်းနိုင်ပါကြောင်း လျှောက်ထားသည်။

အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ မိန့်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မကွေးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပါမောက္ခက ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးအတွက် ဆန့်ကျင်ဆန္ဒပြနေတယ်လို့သတင်းထွက်နေသည်မှာ မဟုတ်မမှန်ပါကြောင်း ဖြေရှင်းလျှောက်ထားတင်ပြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ယခုကဲ့သို့ ဩဝါဒခံယူမှုအပေါ် ဝမ်းသာအားရဖြစ်မိပါကြောင်း၊ တပည့်တော်တို့ကလည်းပဲ ဆရာတော်ကြီးများဩဝါဒပေးသည့်အတိုင်း ဘာသာသာသနာအတွက် အနှောင့်အယှက်ဖြစ်မည့်ကိစ္စများ၊ ညှိုးမှိန်စေမည့်ကိစ္စများ လုပ်ဆောင်နေမှုများအပေါ် ကန့်ကွက်ခြင်း၊ သဘောထားကြေညာခြင်းများကို အစကတည်းကဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ သတင်းမီဒီယာများနှင့် နိုင်ငံသူ နိုင်ငံသား ပြည်သူလူထုအားလုံးကို သာသနာတော်ကြီးသည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဆောင်ရွက်နေပြီဖြစ်သည်ကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားပြီး ဩဝါဒခံယူပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

❋ မြန်မာနိုင်ငံမှ

သွားရေးလာရေးအဆင်ပြေပြီး တားဆီးပိတ်ဆို့မှုတွေမရှိဘဲ အရင်ကထက် လွတ်လပ်မှုပိုပြီးရှိလာပါပြီ။ အရင်ကထက် ဗီဇာလုပ်ရတာလည်း ပိုလွယ်ကူပါတယ်။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေဟာ ပိုပြီး ပီပြင်လာတဲ့အတွက် အစစ

သတင်းထောက်
အိုရန်ဗီးတန်မီဆန်း
NationTV (Group)

အရာရာ ပြောင်းလဲမှုတွေရှိလာတယ်လို့ မြင်ပါတယ်။

မေး။ ။ အခုဒီမှာ မြင်တွေ့ရတဲ့ အာဆီယံထိပ်သီး အစည်းအဝေးအတွက် ပြင်ဆင်စီစဉ်ထားတာနဲ့ ပတ်သက်ပြီး အမြင်လေးကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ မြန်မာပြည်သူတွေက ကူညီလိုစိတ်၊ ဖော်ရွေမှု အများကြီးရှိတဲ့အတွက် ပိုပြီးတော့ ပြင်ဆင်ထားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီမှာအခု တစ်ချက်တွေ့တာက မီဒီယာဝင်ခွင့်ကတ်ပြားတွေကို MICC မှာရှိတဲ့ မီဒီယာစင်တာမှာ ထုတ်ယူရမယ့်အစား ပြန်ကြားရေးဝန်ကြီးဌာနမှာ သွားရောက်ထုတ်ယူရတဲ့အတွက် အချိန်ကုန်ပြီး ငွေကြေးလည်း ပိုပြီးကုန်ကျပါတယ်၊ မီဒီယာကတ်ပြားတွေရရှိချိန်နောက်ကျတဲ့အတွက် ထိပ်သီး အစည်းအဝေးအတွက် ပြင်ဆင်ချိန်လျော့နည်းမှုတွေ ရှိတာကို သွားတွေ့ရပါတယ်။

မစ္စဒူရှုဒီး ဆီရီချန်ယာ
လက်ထောက်ညွှန်ကြားရေးမှူး
အာဆီယံအတွင်းရေးမှူးချုပ်ရုံး

မေး။ ။ဒီထိပ်သီးအစည်းအဝေးကို ကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် ဘယ်လောက်အကျိုးသက်ရောက်မှုတွေရှိမယ်လို့ ထင်ပါသလဲ။

ဖြေ။ ။ဒီအစည်းအဝေးက မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ အချိန်ကစပြီး ၁၇ နှစ်ကြာမှ ပထမဆုံးအကြိမ်ကျင်းပနိုင်တဲ့ အစည်းအဝေးဖြစ်ပါတယ်၊ ဒီအစည်းအဝေးနဲ့ အတူ တံခါးဖွင့်လာတဲ့အတွက် အများကြီး အကျိုးသက်ရောက်နိုင်မယ်လို့ ထင်ပါတယ်၊ ယခုမြန်မာဟာ ခေတ်ဟောင်းမြန်မာမဟုတ်တော့ဘဲ ခေတ်သစ်မြန်မာဖြစ်လာပြီလို့ မြင်ပါတယ်။

မစ္စဒူရှုဒီး ဆီရီချန်ယာ
လက်ထောက်ညွှန်ကြားရေးမှူး
အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ
Community Affairs
Development

မေး။ ။ယခုကျင်းပမယ့် ထိပ်သီးအစည်းအဝေးနဲ့ပတ်သက်ပြီး အမြင်လေးကို သိလိုပါတယ်။

ဖြေ။ ။ကျွန်မအပါအဝင် နိုင်ငံတကာက ပြည်သူတွေက မြန်မာနိုင်ငံရဲ့ အခြေအနေကို စောင့်ကြည့်နေတဲ့ အချိန်မှာ အခုအစည်းအဝေးကျင်းပနိုင်တာ အများကြီးအကျိုးရှိတယ်လို့မြင်ပါတယ်။ ကျွန်မတို့အာဆီယံ အတွင်းရေးမှူးချုပ်ရုံး အနေနဲ့လည်း မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နိုင်ဖို့လိုအပ်တဲ့ အကူအညီတွေပေးနေပါတယ်။ ဆက်လက်ပြီးတော့လည်းပေးသွားမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ဒေသတွင်းအပါအဝင် ကမ္ဘာတစ်ဝန်းက သတင်းထောက် ၄၀၀ ကျော်လာရောက်မယ့်အတွက် မီဒီယာကနေတစ်ဆင့် မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာက ပိုသိစေမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဟာ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါတယ်၊ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ကမ္ဘာကသိစေမှာဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် မြန်မာနိုင်ငံရဲ့ ဈေးကွက်ကို မြှင့်တင်နိုင်ခြင်းအားဖြင့် မြန်မာပြည်သူတွေ အတွက်လည်း များစွာ အကျိုးရှိစေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံအပြင် နိုင်ငံတကာက ထောက်ခံမှုရရှိနေချိန်မှာ ဒီလို အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းဟာ ပိုပြီး နိုင်ငံရဲ့ပုံရိပ်ကို ကောင်းမွန်စေပါတယ်။ ဒါကြောင့်

☆ ကျောဖုံးမှ

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာဒေါ်ခင်မိုးမိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနန္ဒာလှမြင့်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်ကျော်သူတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့အတူ နိုင်ငံရေးပါတီနှင့် ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများက ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးမှူး ဦးသိန်းဦးက မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ကလောမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သရက်မြို့ ပြည်တော်အေးရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

သရက် မေ ၉

[illegible]

(ကိုမြဲအောင်)

မီးလောင်လျှင်

(က) [illegible]
(ခ) [illegible]
(ဂ) [illegible]
(ဃ) [illegible]

မီးသတ်ဦးစီးဌာန

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု [illegible] ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✪ ရှေ့ဖုံးမှ

ဦးတင်စိုးက "ကျွန်တော်ကတော့ ဒီရွာ ဇာတိပါ၊ ကြံစိုက်တောင်သူလို့ပြောလို့ရပါတယ်၊ ကြံကိုစီးပွားဖြစ်စိုက်တယ်၊ ပထမစိုက်ပျိုးတုန်းက ကြံကိုခုတ်ပြီးမှ မန္တလေးကိုပို့ရတာပါ၊ သွင်းရတာပေါ့၊ အဲဒီတော့ ပို့ဆောင်စရိတ်ကုန်တာပေါ့၊ အခုတော့မန္တလေးသွားစရာမလိုတော့ပါဘူး၊ ဒီမှာ မတ္တရာသကြားစက်ကို ၂၀၀၁ ခုနှစ်က ဂရိတ်ဝေါလ်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က သကြားစက်ရုံလာတည်လို့ အဆင်ပြေသွားတယ်၊ ကြံမျိုးပင်ကိုလည်း လိုအပ်ရင်စက်ရုံကပဲ ထုတ်ပေးတယ်၊ စက်ရုံကထုတ်ပေးတဲ့ကြံပျိုးပင်က အပင်အပေါက်လည်းမြန်တယ်၊ ကြံကိုစိုက်ပျိုးချိန်ကတော့ ဇူလိုင်လ (နယုန်လ)ပေါ့၊ စိုက်လို့အကောင်းဆုံးအချိန်ပဲလေ၊ တစ်လလုံး စိုက်ကြတယ်၊ မိုးကြိုကြံလို့လည်းခေါ်ကြတယ်၊ ဆောင်းကြံကိုတော့ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ စိုက်ကြတယ်၊ စိုက်ပျိုးစရိတ်ကိုလည်း ကုမ္ပဏီက တစ်ဧကကို ကျပ်တစ်သိန်းနှုန်းနဲ့ ထုတ်ချေးပေးလို့ စိုက်ပျိုးသူအားလုံးကလည်း ကျေးဇူးတင်နေကြတယ်၊ လိုအပ်ဧကအလိုက် မှုတည်ပြီးတော့ ထုတ်ချေးပေးတာပါ၊ ချေးငွေတွေကိုတော့ သီးနှံပေါ်ချိန်ကျမှ ပြန်ဆပ်ရတာပေါ့၊ အတိုးနှုန်းက နှစ်ကျပ်ပြား ၅၀ ပါ၊ ပြောဖို့ကျန်သေးတယ်ဗျ၊ ကြံစိုက်ခင်းကို ခုတ်ပြီးပုံထားရုံပဲ၊ စက်ရုံကနေ ကားရော၊ လူရော လွှတ်ပြီးလာသယ်ပါတယ်၊ ခုတ်ခကိုလည်း စက်ရုံကပဲ ကျခံပေးပါတယ်၊ ဒါကြောင့်ကျွန်တော်တို့အတွက်တော့ အဆင်ပြေသွားတာပေါ့ဗျာ၊ အခုလည်း အကျိုးအမြတ်ကောင်းလို့ ကြံပဲစိုက်တယ်" ဟု စိတ်ပါလက်ပါ ရှင်းပြခဲ့သည်။

၎င်းက ဆက်လက်ရှင်းပြရာတွင် "ကြံပေါက်ဈေးကတော့ ၂၆၀၀၀ ကျပ်လောက်ရှိတော့ အချို့ဧက ၁၀၊ ၂၀၊ ၃၀ စိုက်ကြတော့ချေးငွေဆပ်ပြီး သွားရင်တောင် ပိုလျှံငွေအများကြီး ထွက်သေးတယ်၊ ဘာကြောင့်လဲဆိုတော့ အခင်းသစ် တစ်ဧကကို အနည်းဆုံးကြံတန်ချိန် ၃၀ နဲ့ ၄၀ ကြားထွက်တော့ တွက်ကြည့်ပေါ့၊ ခုတ်ခကလည်း တစ်တန်းကို ၃၀၀၀ ကျပ်ပဲပေးရတယ်လေ၊ ခင်ဗျားလည်း အခုရောက်တုန်းရောက်ခိုက် ကြံစိုက်ခင်းတွေနဲ့ စက်ရုံကိုလေ့လာချင်ရင် ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ အခု ကြံစိုက်ရာသီမဟုတ်တော့ စက်ရုံက တော့ပိတ်ထားတယ်၊ ဒါပေမယ့် တာဝန်ရှိသူတွေကတော့ ရှိပါတယ်၊ လိုက်ခဲ့ပါလား" ဟုပြော၍ ဦးစွာ ကြံစိုက်ခင်းကို လိုက်လံကြည့်ရှုခဲ့သည်။

ယင်းကြံစိုက်ခင်းသည် ညောင်ဝန်းကျေးရွာ၌တည်ရှိပြီး ၁၉၉၅ ခုနှစ်တွင် တပ်မတော်ပိုင် ငွေတောင်စိုက်ခင်းဧက ၂၀၀၀ ကို နှစ်ရှည် ငှားရမ်းခဲ့ပြီး မြေရိုင်းများဖော်ထုတ်ကာ စက်မှုကုန်ကြမ်းသီးနှံကြံကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ကြံစိုက်ခင်းမှ တစ်ဆင့် ဆက်လက်သွားရောက်ခဲ့ရာ သကြားစက်ရုံတည်ရှိရာသို့ ရောက်ရှိခဲ့သည်။

သကြားစက်ရုံသို့ရောက်ရှိရာတွင် ဦးစွာစက်ရုံမှူး ဦးမျိုးအောင်နှင့် တွေ့ဆုံခွင့်ရရှိခဲ့ပါသည်။

ဦးမျိုးအောင်က "ကျွန်တော် အလုပ်စတင်ဝင်ရောက်တာကတော့ ၂၀၀၀ ခုနှစ်ကပါ၊ အင်ဂျင်နီယာ

စက်ရုံမှူး ဦးမျိုးအောင်။

အနေနဲ့ စဝင်ခဲ့တာပါ၊ စက်စတင်လည်ပတ်စဉ်က စက်သစ်ဆိုတော့ တစ်ရက်တန်ချိန် ၅၀၀ ပဲ ကြိတ်နိုင်သေးတယ်၊ ၂၀၀၁ ခုနှစ်အထိ အကျိုးအမြတ်မရသေးပါဘူး၊ ၂၀၀၂ ခုနှစ်ကျမှ ကောင်းမွန်စွာလည်ပတ်နိုင်ခဲ့ပြီး တန်ချိန်ကတော့ ၅၀၀ ပဲ ကြိတ်တာပါ၊ အပျက်အစီးနည်းသွားပြီး အရည်အသွေးလည်း တိုးတက်လာတော့ အားလုံးအဆင်ပြေသွားတာပေါ့ဗျာ၊ အခု ဝန်ထမ်းအင်အား ၄၂၀ ရှိတယ်၊ ဝန်ထမ်းတွေကို ကျန်းမာရေး၊ နေရေးထိုင်ရေးနဲ့ ပညာသင်စရိတ်တွေကို နှစ်စဉ် ထောက်ပံ့ပေးခဲ့ပါတယ်၊ ဝန်ထမ်းအားလုံးကလည်း မိသားစုလိုပါပဲ၊ ခုလက်ရှိဝန်ထမ်းတွေကို စက်ရုံအနီးအနား ကျေးရွာတွေကနေ ခန့်ထားတာဖြစ်လို့ သူစိမ်းတွေ လိုမနေကြပါဘူး၊ ကြိုးစားပြီးတော့ အလုပ်လုပ်ကြပါတယ်၊ အခု စက်ရုံနားချိန် လုပ်ငန်းနားချိန်မှာဆိုရင် ကိုယ့်အိမ်ကိုပြန်ချင်ရင်လည်း ခွင့်ပြုပါတယ်၊ မပြန်ဘဲ စက်ရုံမှာနေချင်တယ်ဆိုရင်လည်း အလုပ်နားချိန်မှာ လစာတစ်ဝက်ကိုပေးထားပြီး အပိုလုပ်အားခ တစ်ရက် ၄၀၀၀ လောက်ရအောင် အလုပ်ရုံထဲမှာ လိုအပ်တဲ့ အလုပ်တွေကို ဝိုင်းဝန်းကူညီဖို့ တာဝန်ပေးထားပါတယ်၊ မနှစ်က ဝန်ထမ်းမိသားစုတွေထဲကနေ ရှင်အပါး ၁၂၃ ပါးကို ရဟန်းခံရှင်ပြုပေးခဲ့ပါတယ်" ဟု အခြေအနေကို ခြုံငုံပြောပြသွားသည်။

ထို့နောက် ကြံဝယ်ယူရေးတာဝန်ခံ ဦးကံမြင့်ဝင်းနှင့် တွေ့ဆုံမေးမြန်းရာတွင် "ကျွန်တော်က ဒီစက်ရုံကို ရောက်တာ ၁၉၉၉ ခုနှစ်ကပါ၊ ငွေကိုင်နဲ့စဝင်တာပါ၊ အခုကြံဝယ်ယူရေးကို တာဝန်ယူနေရတယ်၊ ကြံရရှိမှုကို

ကြံစိုက်တောင်သူဦးတင်စိုး။

အရင်ရှင်းပြပါ့မယ်၊ အခုလက်ရှိ အနီးအနားအားလုံးမှ ကြံစိုက်ဧက ၁၀၀၀၀ လောက်ရှိတယ်၊ အဲဒီမှာ ကျွန်တော်တို့စက်ရုံက ဝယ်ယူမှုဧက ၉၀၀၀ လောက်ရလို့ စက်အတွက် အဆင်ပြေပါတယ်၊ခုတ်ပြီးကြံများကို စက်ရုံအထိ ကိုယ့်အစီအစဉ်နဲ့ လာရောက်ရောင်းချသူတွေကိုတော့ တစ်တန်ကို ကျပ် ၃၆၀၀၀ ပေးပါတယ်၊ ကြံတောင်သူတွေကို ကျွန်တော်တို့စက်ရုံကနေ ကြံတစ်တန်တန်ဖိုးကို ၆၀၀၀ ကျပ်နဲ့သတ်မှတ်ပြီး တောင်သူတွေပိုင်ဆိုင်တဲ့ဧကပေါ်မှာ ထွက်နှုန်းတန်ချိန်တွက်ပြီး ချေးပေးတာ၊ ပထမကတော့ အတိုးမယူခဲ့ပါဘူး၊ နောက်တော့ တောင်သူတွေက အတိုးမပေးရလို့ ကိုယ်ထွက်မယ့်တန်ချိန်ထက်ပိုခန့်မှန်းပြီးချေးလာတော့ အခက်အခဲတွေတွေ့လာရတယ်၊ ဒါကြောင့် ရှိတဲ့ဧကကိုတွက်ချက်ပြီးတော့မှ အခုလိုချေးငွေပေးတယ်၊ အတိုးနှုန်းလည်း သတ်မှတ်လိုက်ရတာပေါ့၊ အခုတော့ တောင်သူအတွက်ရော စက်ရုံအတွက်ပါ အားလုံးအဆင်ပြေပါတယ်၊ စက်ရုံတိုးချဲ့စီမံကိန်းတွေ လုပ်နေတယ်၊ အဲဒီကျရင် ဝန်ထမ်းရော၊ တောင်သူရော ကျေးရွာများပါ မကျန် အားလုံးဖွံ့ဖြိုးလာမှာပါ" ဟု ရှင်းပြသည်။

စက်ရုံကိုတိုးချဲ့မည်ဟုသိရသဖြင့် မေးမြန်းကြည့်ရာ ၎င်းက "ကျွန်တော် သိသလောက်ကို ရှင်းပြပါ့မယ်၊ စက်မှုကုန်ကြမ်းသီးနှံကြံကို ကြံစိုက်တောင်သူများက တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပါတယ်၊ ကုမ္ပဏီဘက်လည်း ကြံစိုက်တောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့တဲ့အတွက် လက်ရှိသကြားစက်ရုံတွေမှာ ပိုမိုတိုးတက်ကြိတ်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်၊ ဒါ့အပြင် ကုန်ကြမ်းသီးနှံ ကြံစိုက်ပျိုးမှုအတွက် စိုက်စရိတ်မြင့်မားလာပြီး သကြားစက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုကလည်း များပြားလာတော့ ဂရိတ်ဝေါလ်ကုမ္ပဏီတစ်ခုတည်း ဆောင်ရွက်နေမယ့်အစား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့ ကြိုးပမ်းခဲ့ပါတယ်၊ အခုလာရောက်ပူးပေါင်းတဲ့ကုမ္ပဏီကတော့ Wilmar Limited (ရှန်ဂရီလာအုပ်စု)ပါ၊ အဲဒီအဖွဲ့နဲ့ ဆက်သွယ်မိတာကတော့ ၂၀၁၂ ခုနှစ်တုန်းက နိုင်ငံတော်သမ္မတကြီး စင်ကာပူနိုင်ငံကို သွားရောက်ခဲ့စဉ်က စည်းရုံးဖိတ်ခေါ်ခဲ့တဲ့ကုမ္ပဏီလို့သိရပါတယ်၊ အဲဒီအဖွဲ့က ကျွန်တော်တို့ကုမ္ပဏီနဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့တယ်လို့လည်း သိရပါတယ်၊ အဲဒီလိုတွေ့ဆုံဆွေးနွေးခဲ့လို့ ကုမ္ပဏီနှစ်ခုကနေ စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးကြပြီး သကြားစက်ရုံတွေ တိုးချဲ့တည်ဆောက်မယ်၊ သကြားကိုပြည်တွင်းပြည်ပသို့ဖြန့်ဖြူးမယ်လို့ သိရပါတယ်၊ နောက် ဘေးထွက်ပစ္စည်းကနေပြီး အီသနောလောင်စာဆီ ထုတ်လုပ်ဖြန့်ဖြူးမယ်၊ အဲဒီကိစ္စတွေအတွက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဖက်စပ်လုပ်ကိုင်ဖို့ကို သဘောတူလက်မှတ်ထိုးပြီးပြီလို့ သိရပါတယ်" ဟု ရှင်းပြသည်။

အခု စက်ရုံတိုးချဲ့ပြီး ဖက်စပ်လုပ်ကိုင်မှုများနှင့် ပတ်သက်၍ ရှင်းပြရာတွင် "စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေးနဲ့ သကြားစက်ရုံတည်ဆောက်ဖို့အတွက် သက်ဆိုင်ရာဌာနအသီးသီးကို တင်ပြခဲ့တယ်လို့ သိရပါတယ်၊ အဲဒီလိုတင်ပြခဲ့လို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ ဂရိတ်ဝေါလ်ကုမ္ပဏီကို ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ သကြားစက်ရုံနဲ့ မြေနေရာကို သကြား၊ ဓာတ်မြေဩဇာ၊ အီသနော ထုတ်လုပ်နိုင်ဖို့အတွက် ထောက်ခံမှုပေးခဲ့လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၄ ခုနှစ် ဧပြီလမှာ ခွင့်ပြုခဲ့တယ်လို့သိရပါတယ်၊ ကျန်တဲ့အခု မန္တလေးတိုင်းဒေသကြီးရှိ မတ္တရာသကြားစက်ရုံအတွက်လည်း ခွင့်ပြုမိန့်ရရှိရေးအတွက် တင်ပြထားဆဲပါ" ဟု ဆိုသည်။

မောင်းကုန်းသကြားစက်အမှတ်(၂)ကို ၂၀၀၅ ခုနှစ်တွင် ဂရိတ်ဝေါလ်ကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ၌ တစ်ရက်လျှင် ကြံတန်ချိန် ၂၀၀၀ ကြိတ်ဝါးနိုင်သော စက်ရုံကိုတည်ဆောက်ခဲ့ပြီး တစ်ဖန်ကြံတန်ချိန် ၂၀၀၀ မှ ၃၀၀၀ အထိ ကြိတ်ဝါးနိုင်သော စက်ရုံအဖြစ် တိုးချဲ့ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ယင်းစက်ရုံအား တစ်ရက်လျှင်ကြံတန်ချိန် ၈၀၀၀ အထိ ကြိတ်ဝါးနိုင်သည့် စက်ရုံအဖြစ် တည်ဆောက်တပ်ဆင်ခဲ့ကာ နိုင်ငံတော်အကြီးအကဲ၏ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဇီဝလောင်စာ စွမ်းအင် အီသနောလောင်စာဆီအား စက်မှုကုန်ကြမ်းသီးနှံများမှ ထုတ်လုပ်ရန် လမ်းညွှန်ချက်နှင့်အညီ မောင်းကုန်းကျေးရွာ သကြားစက်ရုံအနီး၌ ၂၀၀၈ ခုနှစ်တွင် တစ်နှစ်လျှင်တန် ၃၆၀၀၀ ထွက်ရှိသည့် ဇီဝလောင်စာ စွမ်းအင် ပုဂ္ဂလိကအီသနောစက်ရုံအား တည်ဆောက်လည်ပတ်ခဲ့ရာ ယင်းစက်ရုံမှထွက်ရှိသော ဇီဝလောင်စာဆီအား မန္တလေးအင်းဝ တံတားအနီးရှိ ဆီသိုလှောင်ကန်၌ ထိန်းသိမ်းဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂရိတ်ဝေါလ်ကုမ္ပဏီအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တို့၌ သကြားစက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်သွားရန် လျာထားပြီး စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးနိုင်ရေးအတွက်လည်း မျိုးပင်များကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကာ စွန့်ပစ်ကြံဖတ်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စိုက်ပျိုးရေးကို အခြေခံကာ စက်မှုကုန်ကြမ်းသီးနှံများစိုက်ပျိုးပြီး အကျိုးဖြစ်ထွန်းနေသည့် တောင်သူများကို တွေ့ရှိရ၍ အားကျမိသည်။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်ကြသည်မှ တစ်ဆင့် အောင်မြင် ဖြစ်ထွန်းအကျိုးအမြတ်ရရှိကာ စက်မှုနိုင်ငံတော်အဖြစ်သို့ ဆောလျင်စွာ အသွင်ကူးပြောင်းရောက်ရှိနိုင်စေရန် အားလုံးကြိုးပမ်းဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုလျက်. . . ။ ။

မေ ၈ ရက်က ဥရောပသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Mr.Roland Kobia နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် မေ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Asia Development Bank (ADB) တို့ပူးပေါင်း၍ Pro- Poor Community Infrastructure and Basic Services Project အား ဆောင်ရွက်နိုင်ရန်အတွက် Letter of Agreement လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မေ ၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး Asia Development Bank မှ Country Director Mr. Winfried Wicklein က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် Asia Development Bank မှ Country Director Mr. Winfried Wicklein တို့က Pro-Poor Community Infrastructure and Basic Services Project ဆောင်ရွက်ရန် Letter of Agreement လက်မှတ်ရေးထိုးပေးကြသည်။

ယနေ့ကျင်းပသည့် Pro-Poor Community Infrastructure and Basic Services Project ဆောင်ရွက်ရန် Letter of Agreement လက်မှတ်ရေးထိုးခြင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Asia Development Bank(ADB) တို့ပူးပေါင်း၍ လုပ်ငန်းစီမံချက် (၇) ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး (Grant, Loan Technical Assistance) အကူအညီ အမျိုးအစားအလိုက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

သိမ်းဆည်းမြေယာများ မူလပိုင်ရှင်ထံပြန်လည်ပေးအပ်

မန္တလေး မေ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဝန်တင်ကုန်းကျေးရွာတွင် မေ ၇ ရက် နံနက်ပိုင်းက တပ်မတော်မှ သိမ်းဆည်းထားသော မြေယာများကို မူလပိုင်ရှင်များဖြစ်သည့် ရေနံ့သာ၊ မြို့ဒင်၊ ဆင်ရွာဟောင်း၊ ဆင်ရွာသစ်၊ သဲဖြူချောင်း၊ သပြေချောင်း၊ အင်းတံခါးနှင့် ဝန်တင်ကုန်းကျေးရွာတို့မှ တောင်သူ ၆၄ ဦးတို့အား ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ကျင်းပခဲ့ရာ ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်စွန့်လွှတ်ပေးအပ်သည့် မြေယာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများအား ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များကို ပေးအပ်ခဲ့ပြီး မြေပြန်လည်ရရှိသူတောင်သူလယ်သမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြေ ၅၇၅ ဒသမ ၆၆ ဧကရှိပြီး ကြံ၊ ပဲမျိုးစုံနှင့် နှမ်းတို့စိုက်ပျိုးနိုင်သော မိုးကောင်းရေသောက်မြေများ ဖြစ်ပြီး ၁၉၈၅ ခုနှစ်က တပ်မတော်မှ သိမ်းဆည်းထားခြင်းဖြစ်သည်။

မြေယာများ ပြန်လည်ချထားပေးမှုအပေါ် မူလမြေပိုင်ရှင်ဖြစ်သူ ဆင်ရွာမှတောင်သူ ဦးညို၏ရင်တွင်းစကားကို ယခုကဲ့သို့ ကြားသိခဲ့ရသည်။

“တောင်သူဆိုတာ မြေရှိရင်အားရှိတာပေါ့၊ မြေအသိမ်းခံလိုက်ရတော့ အားငယ်လိုက်တာ၊ နောက်တော့ ကိုယ့်မြေကို သီးစားခပေးပြီး လုပ်စားရတယ်၊ သီးစားခပေးပြီး လုပ်စားခွင့်က ၁၆ နှစ်ပဲရခဲ့တယ်၊ နောက် ၁၂ နှစ်မှာ မရတော့ဘူး၊ တောင်သူဆိုတာက ကိုယ့်သားသမီးကို ရွှေပေးမလား၊ ငွေပေးမလား၊ မြေပေးမလားဆိုရင် တစ်သက်လုံးစားမကုန်တဲ့မြေပဲပေးချင်တယ်၊ အရင်မပေးနိုင်ခဲ့ဘူး၊ အခုပေးနိုင်ပြီဆိုတော့ ပြောမပြတတ်လောက်အောင် ဝမ်းသာပါတယ်၊ အခုလိုဆောင်ရွက်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးကစလို့ အောက်ခြေထိတာဝန်ရှိသူတွေ၊ မြေတွေကို ပြန်လည်စွန့်လွှတ်ပေးခဲ့တဲ့ တပ်မတော်အရာရှိတွေနဲ့ ဒီကိစ္စအကောင်အထည်ပေါ်အောင် ဆောင်ရွက်ပေးခဲ့တဲ့ မြို့ဒင်ကျေးရွာမှ ကိုကြည်စိုးတို့ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လို အခြားနစ်နာမှုရှိနေတဲ့ လူတွေကိုလည်း ကျွန်တော်တို့လို ကိုယ့်မြေကိုယ်ပြန်ရပြီး ဝမ်းသာပျော်ရွှင်စေချင်ပါတယ်။” **အောင်သူရ(ကိုယ်ပွား-မန္တလေး)**

အင်းစိန်ရွာမ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ ဓာတ်အား ၁၂၀ မဂ္ဂါဝပ် စတင်ထုတ်လွှတ်မည်

ရန်ကုန် မေ ၉

အင်းစိန်ရွာမ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ကို မေလဒုတိယပတ်တွင် ၂၄ နာရီ လျှပ်စစ်မီးလုံလောက်စွာရရှိစေရေးအတွက် စတင်ထုတ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ လှူဒါန်းသော ၁၂၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်နှစ်လုံးအနက် မေလဒုတိယပတ်တွင် ထုတ်လွှတ်မည့် ၁၂၀ မဂ္ဂါဝပ် ဒုတိယစက်တစ်လုံးမှ ဓာတ်အားကို မဟာဓာတ်အားလိုင်းကြီးထဲသို့ထည့်ပြီး လိုအပ်သည့် နေရာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ဓာတ်အားပေးမှုမှာ မီးအသုံးပြုမှု အနည်းအများအလိုက် မဂ္ဂါဝပ်အနည်းအများရှိပြီး အများဆုံးအသုံးပြုသည့် ဓာတ်အားမှာ ၉၂၇ မဂ္ဂါဝပ်ဖြစ်ပြီး အနည်းဆုံးအသုံးပြုဓာတ်အားမှာ ၅၅၅ ဒသမ ၅ ဖြစ်ရာ တစ်နေ့လျှင် ပျမ်းမျှ ၈၀၆ ဒသမ ၆ မဂ္ဂါဝပ်ခန့်အသုံးပြုကြောင်းသိရသည်။

ယင်းစက်နှစ်လုံးကို ထိုင်းနိုင်ငံမှ လှူဒါန်းပြီး ပထမစက်တစ်လုံးကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ ဒုတိယစက်တစ်လုံးကို ၂၀၁၃ ခုနှစ် မတ် ၁၉ ရက်တွင်လည်းကောင်း ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောများဖြင့် တင်ဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်တွင် အင်းစိန်ရွာမ၌ ဖောင်ဒေးရှင်းလုပ်ငန်းစတင်ခဲ့ကာ ပထမစက်တစ်လုံးကို မတ် ၂၉ ရက်က ဓာတ်အား စတင်ထုတ်လွှတ်ခဲ့သည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်က “ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အထိကို နှစ်စဉ်နှစ်တိုင်း နွေရာသီကာလမှာ လူနေရပ်ကွက်များကို အလှည့်ကျစနစ်နဲ့ ဓာတ်အားပေးရတယ်။ နောက်ဆုံး စက်မှုဇုန်တွေကို လုံးဝဓာတ်အားမပေးရတဲ့ အနေအထားရှိခဲ့တယ်။ အချို့စက်မှုဇုန်တွေကို အလှည့်ကျစနစ်နဲ့ တစ်နေ့ ငါးနာရီသာ မီးပေးနိုင်ခဲ့တာ သုံးလလောက်ရှိတယ်။ လုံးဝမပေးနိုင်တာ တစ်လရှိတယ်။

အလားတူပဲ ယခင်နှစ်များက အများပြည်သူကို အုပ်စုလိုက် (A) (B) (C) ခွဲပြီးဓာတ်အားမလုံလောက်မှုကြောင့် လျှပ်စစ်ဓာတ်အားကို အလှည့်ကျပေးခဲ့ရတယ်။ အဲဒါတွေကို တွက်ချက်ပြီးတော့ လျှပ်စစ်ဓာတ်အားဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တစ်ခါတလေ မီးပျက်တာတော့ ရှိတာပေါ့။ ထရန်စဖော်မာချွတ်ယွင်းတာရှိတယ်။ လောင်တာရှိတယ်။ မြေအောက်ကေဘယ်လ်ကြိုးတွေ စုပုံပြီး သုံးစွဲတဲ့အခါမှာ ပူတဲ့အခါကြိုးအပူရှိန်ရယ်၊ အပြင်ကအပူရှိန်ကြောင့် ကေဘယ်လ်ကြိုးတွေပေါက်ပျက်တာရှိတယ်။ ဓာတ်အားပေးစက်ရုံတွေမှာ ဘရိတ်ကာတွေ လောင်တာရှိတယ်။ အဲဒါတွေကြောင့် မီးပျက်ရခြင်းဖြစ်ပါတယ်” ဟု ပြောသည်။ **(ရီရီသန့်)**

မူလတန်းဆရာအတတ်ပညာ သင်တန်းဖွင့်

ဖျာပုံ မေ ၉။ ။ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖျာပုံမြို့ အထက(၁)ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေ့စားလပေးခန့်ထားခဲ့သော ဆရာ ဆရာမ ၅၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ သင်တန်းတွင် နည်းပြဆရာ ဆရာမ ၂၆ ဦးက ဘာသာရပ် ၁၄ မျိုးကို နေ့စဉ် နံနက်၉ နာရီခွဲမှ ညနေ ၄ နာရီ ၄၅ မိနစ်ထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **(သပြေထွန်း)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၉

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်စာရင်းစစ်ချုပ်များ၏ စာရင်းစစ်ဆေးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၁၄) ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးမြင့်အောင်က ပြည်ထောင်စုစာရင်းစစ်ချုပ်၏ မှာကြားချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်စာရင်းစစ်အရာရှိများ၏ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတင်ပြချက်များကို ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းမှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(ကြေးမုံ)**



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၁၀၁၄၊ (အလျား ၄၄ ပေ×အနံပေ ၆၀)၊ ဧရိယာ(၀. ၀၆၁)ဧကအကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄) ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၁၀၁၄)မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်သန်း[၁၃/လရန(နိုင်)၀၀၄၂၉၀]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ) **A.G.T.I(EP), D.B.L, D.M.L WIPO (SWITZERLAND)**	ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅) **LL.B, LL.B, WIPO (SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ (၈၁၀၈) ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး	ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁) **LL.B, WIPO (SWITZERLAND)** အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

၄-၅-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာ-၂၁ ပါ ကြေညာချက်အပေါ် ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၇/B အဆောက်အအုံနှင့်အဆောက်အအုံတည်ရှိရာမြေမှာ (၁၉၇၇/၇၈)ခုနှစ် ထုတ်ပေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့က(Permit) လိုင်စင်မြေတွင် ဒေါ်ဂျူးကတ်၊ မောင်စိန်ဝင်း၊ မတွမ်(ခ)ဒေါ်ခင်စိန်မြင့်(အမည်ပေါက် ပိုင်ရှင်ဦးစိန်ဝင်း)သည် ဦးထွန်းကြိုင်၊ ဒေါ်ခင်နုတို့ကို ရောင်းချသူဟုဆိုသူ ဦးစိန်ဝင်းမဟုတ်ပါ။ မှတ်ပုံတင်အမှတ်ချင်းလည်းမတူပါ။ ယခင်ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၄၆၉/၂၀၀၁နှင့် တရားရုံးချုပ်(အထူး)အယူခံမှုအမှတ်-၇၆/၂၀၀၄တွင် ဒေါ်ခင်နုသည် အမှတ် ၉၇/Aရွှေဂုံတိုင်လမ်းအိမ်နှင့်မြေကို ပိုင်ဆိုင်ခွင့်ရရှိပြီး ၉၇/Bကို ပိုင်ဆိုင်စီမံခန့်ခွဲပိုင်ခွင့်မရှိ၍ ၉-၂-၂၀၁၂ ရက်စွဲပါ အရပ်စာချုပ်ဖြင့် အထက်ပါ ၉၇/Bအဆောက်အအုံနှင့် မြေတို့ကို ဒေါ်အောင်ဆန်းစုကြည် CE-၀၇၃၉၆၆ အား အရပ်စာချုပ်ဖြင့် ရောင်းချသည်ဟု ဖော်ပြခြင်းမှာ တရားမဝင်သော ချုပ်ဆိုမှုဖြစ်ပါသည်။ ဦးထွန်းကြိုင်၏သား ဦးကျော်ဝင်းထွန်းသည် တရားရုံးက အမိန့်ချမှတ်ရာတွင် မပါဝင်ခဲ့သည့်(၉၇/B)အဆောက်အအုံနှင့် မြေတို့အပေါ်အမွေဆက်ခံခွင့်ရှိပါကြောင်း အရပ်စာချုပ်ဖြင့် ဂရန်သစ်လျှောက်ထားခြင်းမှာလည်း တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့အရ မှတ်ပုံတင်စာချုပ်မဟုတ်၍လည်းကောင်း၊ အမည်ပေါက် ဦးစိန်ဝင်းရောင်းချထားခြင်း မဟုတ် ၍လည်းကောင်း ဂရန်သစ်လျှောက်ထားခြင်းအပါအဝင် အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ အကြောင်းပြချက်တစ်ခုခုဖြင့် မြေပုံမြေရာ ရာဇဝင်ကူးယူခြင်းတို့ကိုပါ ၁-၂-၂၀၁၄၊ ၁၂-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြေညာချက်များအား ရည်ညွှန်း အတည်ပြုကန့်ကွက်အပ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းထွန်း[၁၂/မဂတ(နိုင်)၀၆၈၅၉၆]

ဒေါ်မိုးမိုးခိုင်(**LL.B,D.B.L**)	ဒေါ်ယောမယ်ရီ(**LL.B,D.I.L**)
(စဉ်-၈၇၂၃) တရားလွှတ်တော်ရှေ့နေ	(စဉ်-၃၉၆၁၁) အထက်တန်းရှေ့နေများ

အမှတ်(၂၀၃)၊ (၃)လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၂၀၁၄ ခုနှစ် မေလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့် ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ငါးရက်မှ ခြောက်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် နှစ်ပေမှ လေးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့ နှင့်မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။ **(မိုး/ဇလ)**

မြန်မာနိုင်ငံတွင် လေအရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်အား ထိုင်းနိုင်ငံအခြေစိုက် ASEAN-German Technical Cooperation(GIZ) မှ Cities,Environment and Transport အစီအစဉ်၏ Programme Director ဖြစ်သူMr. Roland Haas ဦးဆောင်သည့်အဖွဲ့မှ ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် လေအရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လေအရည်အသွေးစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဲကွန်းဖွင့်ပေးပြီး ငွေပိုတောင်းနေမှုကို ခွင့်ပြုထားခြင်းမရှိ

ရန်ကုန် မေ ၉

ခရီးသည်တင်ယာဉ်လိုင်းများတွင် အဲကွန်းဖွင့်ပေးပြီး ယာဉ်စီးခ ငွေပိုတောင်းခြင်းကို ခွင့်ပြုထားမှု မရှိ၍ တိုင်ကြားနိုင်ကြောင်း မထသ (ဗဟို)မှ သတင်းရရှိသည်။

သို့ရာတွင်အချို့သော ယာဉ်နောက်လိုက်များက ယာဉ်စီးခသတ်မှတ်မှု နှုန်းရေးသားထားသော စတစ်ကာကို ခရီးသည်များ အလွယ်တကူ မမြင်နိုင်သည့် ချောင်ကျသောထောင့်များတွင် ကပ်ထားခြင်း၊ ယင်းစတစ်ကာပေါ်တွင် အခြားသော ကြော်ငြာများဖြင့် ဖုံးအုပ်ကွယ်ထားခြင်း၊ စုတ်ဖြဲပစ်ခြင်းတို့ကိုလည်း စစ်ဆေးအရေးယူနေလျက်ရှိသလို ခရီးသည်များက တိုင်ကြားလာမှုအပေါ်တွင်လည်း အရေးယူလျက်ရှိကြောင်း သိရသည်။

ထိုသို့သော ကိစ္စများကင်းဝေးစေရန် ယာဉ်စီးနင်းခသတ်မှတ်မှုနှုန်းဇယားကို ယာဉ်ပေါ်တွင် သုတ်ဆေးဖြင့် ဖျက်မရနိုင်အောင် ရေးသားရန် မထသ(ဗဟို)က အကြံပြုသော်လည်း ယာဉ်ပိုင်ရှင်အချို့က ယာဉ်ပျက်စီးမည်ကို စိုးရိမ်၍ နှစ်သက်မှုမရှိကြောင်း သိရသည်။

ခရီးသည်များက ယာဉ်စီးခနှုန်း အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အခြေခံလူတန်းစားများသွားလာမှု လွယ်ကူစေရန်အတွက် သတ်မှတ်ရာတွင် ယာဉ်သစ်များသွင်းကာ ယာဉ်စီးခ ငွေကျပ် ၂၀၀ တောင်းရန် ခွင့်တောင်းခံချက်များ၊ အဲကွန်းဖွင့်ပေး၍ ၅၀၀ ကျပ်ဖြင့် ပြေးဆွဲရန် ခွင့်တောင်းခံချက်များ တောင်းခံလာမှုကို ခွင့်ပြုပေးခြင်း မရှိဘဲ ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်းဖြင့်သာ ပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုပေးခြင်းဖြစ်သည်။

သို့သော်လည်း ယာဉ်လုပ်သားများက အဲကွန်းဖွင့်ကာ ပြေးဆွဲပေးခြင်းကို အကြောင်းပြ၍လည်းကောင်း၊ ဆီကားဖြစ်သည့်အတွက် တွက်ခြေမကိုက်ကြောင်းဟူ၍လည်းကောင်း ဆိုကာ ငွေပိုတောင်းခြင်းများရှိခဲ့သည်။ ထိုသို့သော စည်းကမ်းဖောက်ဖျက်လုပ်ဆောင်နေမှုများအပေါ် အချက် (၁၃၈) ချက်တွင် ထည့်သွင်းထားသည့် ပြစ်ဒဏ်အမျိုးအစားအလိုက် မထသ (ဗဟို)မှ အရေးယူလျက်ရှိပြီး အမြင့်ဆုံးပြစ်ဒဏ်အဖြစ် လိုင်းမှ ထုတ်ပယ်သည်အထိ အရေးယူရသော ဖြစ်စဉ်များလည်းရှိခဲ့သည်။ ထိုသို့ လိုင်းမှ ထုတ်ပယ်ပြစ်ဒဏ်ဖြင့် အရေးယူလိုက်သော ယာဉ်လုပ်သား ဦးရေမှာ ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်း ၂၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ကွန်ကရစ်တိုင်များလဲလှယ်

တွံတေး မေ ၉

ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများသည် ၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်၌ ကွန်ကရစ်တိုင် ၁၁၀ အားမြို့တွင်းရပ်ကွက်များရှိ ကြံ့ခိုင်မှုအားနည်းသော လျှပ်စစ်မီးတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အသစ်လဲလှယ်ပြီးဖြစ်သည်။ မေ ၇ ရက် နံနက်တွင် မင်းပိုင်းရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ယခင်ဆွေးမြည့်သံတိုင်များနေရာ၌ ကြံ့ခိုင်မှုရှိသော ကွန်ကရစ်တိုင်များဖြင့် လဲလှယ်လျက်ရှိကြောင်းသိရသည်။ **(အောက်ပုံ)**

မျိုးလှိုင်(တွံတေး)

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ လျှောက်ထားသူများအား မဲနှိုက်ပေးမည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်ဗထူးလမ်းရှိ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအားဝယ်ယူခွင့်လျှောက်ထားလာသည့် အသင်းအဖွဲ့များ၊ အများပြည်သူ၊ ကုမ္ပဏီဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း စုစုပေါင်း ၅၀၄၀ အား ဒဂုံမြို့နယ် ရှင်စောပုလမ်း Myanmar Even Park ရှိ MRTV-4 ရိုက်ကူးရေးခန်းမ၌ မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နံနက် ၈ နာရီမှစတင်၍ မဲနှိုက်ပေးမည်ဖြစ်သဖြင့် လျှောက်ထားသူများ ကိုယ်တိုင် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဧပြီ ၅ ရက်နှင့် ၆ ရက်တို့တွင် တိုက်ခန်းမဲပေါက်ခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများစာရင်းနှင့် မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တိုက်ခန်းမဲပေါက်သူများစာရင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ရောင်းချပေးမည်ဖြစ်သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆက်သွယ်ရမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

သားဆက်ခြားခြင်းဆိုင်ရာ အသိပညာပေးဟောပြောမည်

ရန်ကုန် မေ ၉

အနာမယ(Wellness) ကျန်းမာရေးမဂ္ဂဇင်းမှ ကြီးမှူးကျင်းပသည့် သားဆက်ခြားခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ သားဖွားမီးယပ်(အထူးကုဆရာဝန်ကြီး)ဒေါက်တာစိုးလွင်က "ပွင့်သောပန်းတိုင်းလှပဖို့ သားဆက်ခြားကြစို့" ခေါင်းစဉ်ဖြင့်သားဖွားမီးယပ်၊ သားဆက်ခြားခြင်းဆိုင်ရာ ဗဟုသုတများကို ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

Profession
Mobile Phone

hana Beauty Spa
New address
01-547070, 01-557141

Hot Line: 01 2304678
JOB seekers
www.facebook.com/myanmarjobseekers
Sales & Marketing

09-420073607
09-73211079
09-49250037

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကူးဆိတ်လာကာကျေးရွာနေ ဦးတင်ကြည်[၃/ဘအန(နိုင်)၁၃၀၆၁၀]နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ (၁၃)လမ်း၊ အမှတ်(၇၉)နေ ကျွန်မ ဒေါ်ခင်ဆန်းရင်[၁၀/မလမ(နိုင်)၁၇၅၁၂၀]တို့သည် ၁၅-၇-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်ခင်ဆန်းရင်

ကမ္ဘာ့နိုင်ငံများ၏ မြို့ကြီးများ၌ လေထုညစ်ညမ်းမှုပမာဏ ဆိုးရွားစွာ မြင့်မားလာနေကြောင်း WHO သတင်းထုတ်ပြန်

သန့်စင်ဝင်း

ရန်ကုန် မေ ၉

ကမ္ဘာ့နိုင်ငံများ၏မြို့ကြီးများ၌ လေကောင်းလေသန့်ရရှိမှုနည်းလာကာ လေထုညစ်ညမ်းမှုပမာဏမှာ ကမ္ဘာတစ်ဝန်းလုံးတွင် WHO ၏ လေထုသန့်စင်ရေးသတ်မှတ်အဆင့်ထက် ညစ်ညမ်းမှုဆိုးရွားလာပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် အခြားဆက်စပ်ရောဂါများပါ လူသားတို့ကို သက်ရောက်လာသည်။

ကမ္ဘာ့လေထုအဆင့်ကို ၂၀၁၁ ခုနှစ်က ကောက်ယူခဲ့ရာတွင် ကမ္ဘာ့နိုင်ငံ ၉၁ နိုင်ငံ၏ မြို့ကြီး ၅၀၀ ကျော်နှင့် မြို့ပြ ၁၆၀၀၀ တို့တွင် လေထုညစ်ညမ်းမှုပမာဏဆိုးရွားစွာမြင့်မားလာခဲ့ပြီး လူသားတို့၏ကျန်းမာရေးထိခိုက်မှုမြင့်မားစေခဲ့သည်ဟု WHO ၏ မေ ၇ ရက်က သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

WHO ၏ လေထုသန့်စင်ရေးသတ်မှတ်အဆင့်နှင့်အညီနေထိုင်သည့် မြို့နေလူတန်းစားများမှာ ၁၂ ရာခိုင်နှုန်းသာရှိသည်။ ကျေးလက်နေပြည်သူထက်ဝက်ခန့်ကို စောင့်ကြည့်ခဲ့ရာ ၂ ဒသမ ၅ ဆ မြင့်မားလာကာWHO ၏ ကောက်ခံမှုထက်ပင် မြင့်မားလာခဲ့ပြီး ထိုအကျိုးဆက်များကြောင့် နာတာရှည်ရောဂါများပါဖြစ်ပေါ်လာသည်။

မြို့ကြီးများတွင် ပြီးခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်ပါက လေထုညစ်ညမ်းမှုပိုမိုဆိုးရွားလာသည်ကို တွေ့ရသည်။ လောင်စာဆီများသုံးစွဲနေခြင်း၊ ကျောက်မီးသွေးစက်ရုံများကဲ့သို့ မော်တော်ကားများ၊ လူနေအိမ်များမှ ချက်ပြုတ်သည့်အပူများက လေထုညစ်ညမ်းရခြင်းကို မြင့်မားစေခြင်းဖြစ်သည်။

သို့သော်လည်း တချို့မြို့ကြီးများတွင်မူ အဆိုပါလောင်စာ၊ ကျောက်မီးသွေးနှင့် မော်တော်ကားသုံးစွဲမှုများကို စနစ်တကျကန့်သတ်သုံးစွဲစေခဲ့ခြင်းအားဖြင့် အသိအမှတ်ပြုလောက်အောင်ပင် တိုးတက်မှုများရရှိခဲ့သည်။

လေထုညစ်ညမ်းမှုမှ ရောဂါရရှိစေခြင်း

WHO က ကမ္ဘာ့နိုင်ငံရှိမြို့ကြီးများအားစောင့်ကြည့်မှုကို ရပ်တန့်ခဲ့ပြီး လေထုညစ်ညမ်းမှုသည် ကျန်းမာရေးအတွက် အထူးသတိပြုစရာတစ်ရပ်အနေဖြင့် လှုံ့ဆော်ခြင်း၊ လေထုညစ်ညမ်းမှုမှဆိုးကျိုးများလျော့နည်းစေရန် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့သည်။

"ယနေ့ ကျေးလက်မြို့ပြဒေသများတွင် လေထုနှင့် ကောင်းကင်အတွင်း ပြည့်နှက်နေသော မသန့်ရှင်းသည့်လေတွေသည် ရှူမိသူများအား ကျန်းမာရေးထိခိုက်စေကြောင်း WHO Dr Flavia Bustreo ကပြောသည်။ မြို့ကြီးများတွင် လူနေထူထပ်လာသည်နှင့်အမျှ ကလေးများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ပိုမိုကောင်းမွန်သည့်နေရာတွင် နေထိုင်ရန်လိုအပ်သည်။

၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် အသက် ၆၀ အောက်လူပေါင်း ၃ ဒသမ ၇ သန်း သေဆုံးခဲ့သည်ဟုခန့်မှန်းရကြောင်း WHO က ၂၀၁၄ ဧပြီလတွင် ထုတ်ပြန်ခဲ့ပြီး ကမ္ဘာတစ်ဝန်း ကျန်းမာရေးဆိုးရွားလာခြင်းကို အလေးထားလာခဲ့သည်။

လေထုညစ်ညမ်းမှုတွင် ဓာတ်ငွေ့နှင့် အစိုင်အခဲများလည်းပါဝင်ပြီး နှလုံးရောဂါနှင့် လေဖြတ်ရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်ကင်ဆာရောဂါများဖြင့် သေဆုံးသူများ များပြားလာသည်။ လေထုပမာဏတိုင်းတာချက်အရ ၂ ဒသမ ၅ မိုက်ခရိုမီတာနှင့်အောက် ပတ်ဝန်းကျင်သို့ရောက်ရှိပါက ယင်းသည် ကျန်းမာရေးကိုထိခိုက်နိုင်သည့် လေထုညစ်ညမ်းမှုအဆင့်ဟု ထည့်သွင်းသတ်မှတ်နိုင်သည်။

ဝင်ငွေမြင့်မားသည့်နိုင်ငံ ၈၁၆ နိုင်ငံတွင် လေထုညစ်ညမ်းမှုပမာဏသတ်မှတ်အဆင့် ၂ ဒသမ ၅ ရှိပြီး ၅၄၄ နိုင်ငံမှာ လေထုညစ်ညမ်းမှု အဆင့် ၁၀ တွင်ရှိသည်။ အလယ်အလတ်ဝင်ငွေရှိသည့်နိုင်ငံများတွင် နှစ်စဉ် မြို့ကြီး ၇၀ တွင် အဆင့် ၂ ဒသမ ၅ ရှိပြီး မြို့ကြီး ၅၁၂ မြို့တွင် အဆင့် ၁၀ ရှိကြောင်း တိုင်းတာသိရသည်။

လေထုသန့်စင်မှုတိုင်းတာခြင်း

နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အဆုတ်ကင်ဆာကဲ့သို့ရောဂါများလျော့ကျစေရန် လုံလောက်သောပမာဏဖြင့် ထိရောက်သည့် မူဝါဒများနှင့် နည်းဗျူဟာများ၊ တတ်သိနားလည်မှုများဖြင့် ဖြေရှင်းလျှင် အောင်မြင်နိုင်ကြောင်း WHO Director for Public Health Dr Maria Neira ကပြောသည်။ ကိုပင်ဟေဂင်နှင့် ဘိုဂိုတာမြို့ကြီးများ၌ ကူးသန်းသွားလာရေးများတွင် လမ်းလျှောက်စေခြင်းနှင့် စက်ဘီးများစီးစေခြင်းဖြင့် နမူနာထား၍ လေထုသန့်စင်လာရေးကို တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လေထုသန့်စင်လာစေရေး လက်ဆင့်ကမ်း ဆောင်ရွက်လာနိုင်ကြောင်း လက်တင်အမေရိကရှိ အဓိကမြို့ကြီးများတွင် WHO ၏လေထုအရည်အသွေးအဆင့် ညွှန်ကြားချက်များ ထိရောက်မှုရှိလာသည်။

"ကျွန်ုပ်တို့ဟာ သန့်ရှင်းတဲ့လေကို ပုလင်းနဲ့ဝယ်လို့မရနိုင်ပါဘူး၊ ဒါပေမယ့် မြို့ကြီးကလူတွေကိုတော့ လေထုကို သန့်ရှင်းစေခြင်းဖြင့် အသက်ကယ်နိုင်ပါတယ်လို့" WHO ပြည့်သူ့ကျန်းမာရေးဌာန Health Coordinator Dr Carlos Dora ကပြောသည်။

အိမ်သုံးစွမ်းအင်အပြည့်အဝရရှိစေရေးအပါအဝင် pedestrians နှင့် စက်ဘီးစီးနင်းသူများအတွက် လမ်းဒီဇိုင်းများ လုပ်ဆောင်ပေးခြင်းဖြင့် ကူးသန်းသွားလာသည့်လမ်းများဆောင်ရွက်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းများအား ကောင်းမွန်စွာ စီမံခြင်းတို့ဖြင့် သရုပ်ပြလုပ်ဆောင်နိုင်သည်။ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးကောင်းမွန်လာစေရန် ထိုသူတို့၏လူနေမှုကို ပါဝင်လှုပ်ရှားသူများက မြှင့်တင်ပေးခြင်းဖြင့်လည်း ဆောင်ရွက်နိုင်သည်။

လေထုသန့်စင်ရေးဆောင်ရွက်နေသော်လည်း ဝင်ငွေနိမ့်ကျသည့်ဒေသများတွင်မူ ထိုသို့ဆောင်ရွက်နိုင်စွမ်းရှိလိမ့်မည်မဟုတ်ပေ။ WHO ၏ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင်မူ ပြတ်လပ်မှုများရှိခဲ့သည်။

ယနေ့ထုတ်ပြန်သည့်အဆင့်အနေအထားအရ WHO ၏ခြေလှမ်းတစ်ရပ်မှာ လေထုညစ်ညမ်းမှုနှင့်ဆိုင်သည့်ရောဂါများကိုတားဆီးနိုင်သည့် လမ်းစဉ်ချမှတ်ချက်များလုပ်ဆောင်နေမှုလမ်းစပေါ်ရောက်နေပြီဖြစ်သည်။ မတူညီသောနည်းလမ်းများနှင့် စုပေါင်းဆောင်ရွက်ခြင်းဖြင့်လေထုညစ်ညမ်းမှုနှင့် ဆက်စပ်ရောဂါအချက်အလက်များကို ဖော်ထုတ်ခြင်းသည် ကမ္ဘာ့အဆင့်အနေဖြင့် လေထုသန့်စင်ပြီး ကျန်းမာချမ်းသာအောင် ဖော်ဆောင်နိုင်သည့်နည်းလမ်းများတွင် ပါဝင်နေသည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၅-၂၀၁၄ (စနေနေ့)

MRTV

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၁၂း၂၅ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၂း၀၀ "လက်တစ်ကမ်း" (မိုးယံဇွန်၊ ကင်းကောင်၊ မိုးဒီ၊ နိုဘယ်ကျော်ကျော်) (ဒါရိုက်တာ-မျိုးထူး)
- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ သက်ဝင်လှုပ်ရှားသတင်းပုံရိပ်များ ရည်ရွယ်ဦးတည်ပြည်သူ့ဆီ
- ၈း၄၅ Business News
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ ပျော်ရွှင်စေသောနေ့ရက်များ "ရင်ခုန်ကွန်း"(အပိုင်း-၄) (မြင့်မြတ်၊ အေးမြတ်သူ) (ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်) -ဂီတတံခါးလေးဖွင့်ပါဦး

MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ ဗီဒီယိုပြခန်း
- ၁၁း၁၀ ဓလေ့ရိုးရာမမေ့သာ
- ၉း၂၅ Intellectual Talk (ကမ္ဘာမြေကိုကယ်တင်စို့) [ဒေါက်တာခင်မောင်ညို၊ ဦးအုန်း]
- ၁၁း၅၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (နှင်းဆီဖြူကာနေးရှင်း ပန်းပွင့်လေးများဖြင့် ပန်းစည်းပြုလုပ်ပုံ)

Spain Laliga ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Villarreal - Rayo Vallecano	(Star Sports)(MRTV-4)
၂း၃၀	Levante - Valencia	(Star Sports)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

MWD

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဆွဲစားပြီးသားပဲ ရန်အောင်၊ မြင့်မြတ်၊ စန္ဒီမြင့်လွင်၊ ယွန်းရွှေရည်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကျော်ဇေလင်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၀ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၅၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နွေပင်လယ်" (အပိုင်း-၁၆)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -လူ့ရှင်တော်စတား -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေအောက်မြို့တော်" (အပိုင်း-၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နတ်သမီးပုံပြင်" (အပိုင်း-၃၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၆ခုနှစ်၊ ကဆုန်လဆန်း(၁၁)ရက်
၂၀၁၄ ခုနှစ်၊ မေလ ၉ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၄ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တို့တွင် ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ဇူလိုင်လ ၆ ရက်ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းတွဲစာရင်းများကို ၂၀၁၄ခုနှစ်၊ မေလ ၉ ရက်မှ ၁၅ရက်ထိ စိစစ်ဆောင်ရွက်ပြီး ၂၀၁၄ခုနှစ်၊ မေလ ၁၉ရက်မှ ဇွန်လ ၁၁ရက်ထိ ကျောက်မျက်ရတနာများကို စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ဂျီတီစီ (GTC)လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲ သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၄ခုနှစ်၊ ဇွန်လ ၂ရက်မှ ၁၃ရက်ထိ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများနှင့်လည်းကောင်း၊ ဇွန်လ ၁၆ ရက်မှ ၂၅ရက်ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့်လည်းကောင်း ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၁၄ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမိုးကုတ်၊မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မြန်မာနိုင်ငံရှိ Tourismလုပ်ငန်းတွင် လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၊ Air Ticket company များ၊ မန်နေဂျာများနှင့် ခရီးသွားလုပ်ငန်းကို ဆောင်ရွက်ချင်သူများအတွက် အခွင့်အလမ်းကောင်းတစ်ခု

World Venturesဆိုသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကြီးမှ မြန်မာနိုင်ငံရှိ ခရီးသွားဝန်ဆောင်လုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များအတွက် Dreamtrips ဆိုသည့် Markets-Travel- Related Productအား Singapore မှ Miss Dyna က အောက်ပါအတိုင်း ဆွေးနွေးပွဲ (Seminar)ပြုလုပ်သွားမည် ဖြစ်ပါသည်။ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

နေ့ရက် - ၁၁-၅-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
နေရာ - Star Resource Academy
No.267,Room 202,Pyay Road,Sanchaung Township(Maynigone)
အချိန် - ၁း၃၀ နာရီမှ ၄း၀၀ နာရီ
ဖုန်း - ၀၉ ၅၁၉၈၇၃၁၊ ၀၉ ၄၂၀၁၆၅၈၁၄

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

Mariestopes International Myanmar မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့မှ အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်။

1.	Jeep car	10 Units
2.	Generator 5KVA, Diesel engine, sound proof type	18 Units
3.	Generator 25 or 30 KVA, Diesel engine, sound proof type	1 Units
4·	IT equipment	
·	Desktop computer **branded(set)**	23 Set
·	Laptop computer **(Toshiba - L40)** set	27 Set
·	Printer cartridge (cannon LPB 2900)	26 Pcs
·	Copier cartridge (cannon IR1024)	16 Pcs
·	Printer (cannon LPB 2900)	29 Units
·	Scanner (cannon Lide110)	25 Units
·	Camera(Sony brand)DSC-WX200	3 Units
·	IT accessory	
5·	Medical supplies and equipment	
6·	New Born Kit	2500 kit

တင်ဒါ form နှင့် လိုအပ်သောအချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရယူစုံစမ်းနိုင်ပါသည်။

ဦးစောရိုလန်၊ ဦးဝင်းနိုင်ဇော်၊ ဦးအောင်သူရဦး

အမှတ်(၅၂၄/၁၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၄၄၂၃၊ ၇၀၅၆၅၇၊ ၀၉-၄၃၀၆၄၈၃၀၊ ၀၉-၄၂၀၁၅၆၉၁၁၊ ၀၉-၄၂၀၂၅၇၇၈၄

ချိပ်ပိတ်တင်ဒါပိတ်မည့်ရက် - ၂၆-၅-၂၀၁၄ရက်၊ ညနေ ၄း၀၀နာရီ

မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဒီဂီယာဆွတ်ခူး

© Man Utd via Getty Images

မန်ယူအသင်း၏ အားထားရသော ဂိုးသမား ဒေးဗစ်ဒီဂီယာသည် မေ ၈ ရက်က ကျင်းပပြုလုပ်သော အသင်း၏ နှစ်စဉ်ဆုပေးပွဲ အခမ်းအနားတွင် မန်ယူကစားဖော်များနှင့် ပရိသတ်၏ အားပေးထောက်ခံမှုဖြင့် မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

မန်ယူအသင်းမှ စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းမွန်ဆုံး လက်စွမ်းပြ ကစားနိုင်ခဲ့မှုကြောင့် မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ပြီး ယခုရရှိခဲ့သည့် ဒေးဗစ်ဒီဂီယာ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုသည် နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

ဒေးဗစ်ဒီဂီယာသည် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုအတွက် ပဏာမရွေးချယ်ထားသည့် ဒုတိယနေရာမှ ရွန်းနီနှင့် တတိယနေရာမှ ဂျာနျူဇာတို့ကို ကျော်ဖြတ်ကာ ထောက်ခံဆန္ဒမဲ ၅၄ ရာခိုင်နှုန်းဖြင့် မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဒီဂီယာသည် မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးခဲ့ပြီးနောက် "ကျွန်တော့်ကို အားပေးတဲ့ပရိသတ်တွေကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေနဲ့ ကစားဖော်တွေရဲ့ ထောက်ခံမှုကြောင့်သာ အခုလို အကောင်းဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ လာမယ့်ရာသီမှာလည်း အခုလိုဆုမျိုးရအောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွှန်းနီသည် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံး ဂိုးသွင်းရှင်ဆုကို ဆွတ်ခူးခဲ့ပြီး ယာယီနည်းပြ ရိုင်ယန်ဂစ်မှာမူ မန်ယူအသင်း၏ တစ်သက်တာ အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ငွေ ကြယ်

ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ် (၃၈)ကို မေ ၁၁ ရက်မှာ တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့် စိတ်ဝင်တစားနဲ့ စောင့်ကြည့်ရမှာပါ။

ပရီမီယာလိဂ်ရင်ခုန်သံ – ၃၈

ကာဒစ်ဖ်-ချယ်လ်ဆီး ည ၈း၃၀ (၁၁-၅-၁၄)

ကာဒစ်ဖ်က တန်းဆင်းသွားခဲ့ရပြီ ဖြစ်ပါတယ်။ ချယ်လ်ဆီးကတော့ နိုင်ပွဲရရှိရေးအားစိုက်လာမှာပါ။ ကာဒစ်ဖ်အနေနဲ့ သိက္ခာအရ အကောင်းဆုံးကြိုးစားမှာဖြစ်ပေမယ့် ချယ်လ်ဆီးကို ထိန်းဖို့ခက်ပြီးချယ်လ်ဆီးကိုပဲ နှစ်သက်တယ်။

ဖူလ်ဟမ်-ပဲလေ့စ် ည ၈း၃၀ (၁၁-၅-၁၄)

ဖူလ်ဟမ်ကလည်း တန်းဆင်းခဲ့ရပြီဖြစ်ပါတယ်။ ပဲလေ့စ်ကလည်း တန်းဆင်းဇုန်က လွတ်နေပြီဖြစ်တယ်။ ဒါကြောင့်ဒီပွဲစဉ်မှာ သိက္ခာအရ အိမ်ကွင်းမှာ အားစိုက်လာမယ့် ဖူလ်ဟမ်ကပဲ ကပ်အနိုင်ရသွားဖို့ ရှိနေပါတယ်။

ဟားလ်-အဲဗာတန် ည ၈း၃၀ (၁၁-၅-၁၄)

အဲဗာတန်အနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်မရှိတော့ပါဘူး။ ယူရိုပါလိဂ်ကလည်း သေချာနေပါပြီ။ ဟားလ်က အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားသွားမှာပါ။ ဒါကြောင့် ဒီပွဲမှာ အဲဗာတန်တို့ အမြင့်ဆုံးသရေလောက်ပဲ ရပါလိမ့်မယ်။

လီဗာပူး-ကာဆယ် ည ၈း၃၀ (၁၁-၅-၁၄)

လီဗာပူးဟာ နောက်ဆုံးအချိန်အထိ ချန်ပီယံဆုအတွက် အနိုင်ရအောင်ကစားသွားမှာပါ။ ကာဆယ်က နောက်ဆုံးပွဲစဉ်မှာ ကာဒစ်ဖ်ကို နိုင်ပွဲရခဲ့ပေမယ့် စုစည်းမှုနဲ့ ခြေစွမ်းသာမန်သာရှိပါတယ်။ လီဗာပူးကိုပဲ နှစ်သက်တယ်။

မန်စီးတီး-ဝက်စ်ဟမ်း ည ၈း၃၀ (၁၁-၅-၁၄)

မန်စီးတီးကလည်း ချန်ပီယံဆုအတွက် အားစိုက်ကစားလာမှာ ဖြစ်တယ်။ ဝက်စ်ဟမ်းက တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်လို့ ခြေကုန်ထုတ်လာဖို့ ခက်တယ်။ မန်စီးတီးရဲ့ ကွင်းလည်းဖြစ်လို့ မန်စီးတီးကိုပဲ ရွေးချယ်အားပေးရမှာပါ။

နော့ဝှစ်ချ်-အာဆင်နယ် ည ၈း၃၀ (၁၁-၅-၁၄)

နော့ဝှစ်ချ်က အိမ်ကွင်းမှာ အကောင်းဆုံးပုံစံနဲ့ ခံကစားမှာဖြစ်တယ်။ အာဆင်နယ်က ချန်ပီယံလိဂ်ဝင်ခွင့် သေချာနေတဲ့အတွက် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်လာဖို့ ခက်တယ်။ ဒါကြောင့် အာဆင်နယ်နိုင်ရင်တောင် ပြတ်သားဖို့ ခက်တယ်။

ဆောက်သမ်တန်-မန်ယူ ည ၈း၃၀ (၁၁-၅-၁၄)

မန်ယူက နောက်ဆုံးပွဲစဉ်မှာ အနိုင်ပွဲနဲ့ ရာသီပိတ်ဖို့ ကြိုးစားလာမှာပါ။ ဆောက်သမ်တန်က လက်ရှိခြေတည်ငြိမ်မှု ရှိသလို အိမ်ကွင်းအားသာချက်လည်း ရှိနေပါတယ်။ ဒါကြောင့် မန်ယူတို့ ဒီပွဲနိုင်ရင်တောင် မပြတ်သားနိုင်ဘူး။

ဆန်းဒါးလန်း-ဆွမ်ဆီး ည ၈း၃၀ (၁၁-၅-၁၄)

ဆွမ်ဆီးက တန်းဆင်းဇုန်ကနေ အလွတ်ရုန်းထွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆန်းဒါးလန်းက အိမ်ကွင်းဖြစ်သလို လက်ရှိခြေလည်း အားကောင်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ အကောင်းဆုံးကြိုးစားလာမယ့် ဆန်းဒါးလန်းကို နှစ်သက်တယ်။

စပါး-ဗီလာ ည ၈း၃၀ (၁၁-၅-၁၄)

ဗီလာက တန်းတင်ကျန်ရစ်ခဲ့ပြီ ဖြစ်တာကြောင့် ရှန်းကန်အား ကျဆင်းလာနိုင်ပါတယ်။ စပါးက အိမ်ကွင်းမှာ အကောင်းဆုံးခြေစွမ်းနဲ့ နိုင်ပွဲရအောင် ကြိုးစားလာမှာဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာလည်း စပါးကိုပဲ နှစ်သက်တယ်။

ဝက်စ်ဘရွန်း-စတုတ် ည ၈း၃၀ (၁၁-၅-၁၄)

စတုတ်က ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် တွန်းအားမရှိတော့ပါဘူး။ ဝက်စ်ဘရွန်းက လက်ရှိခြေစွမ်းပိုင်း မဆိုးသလို အိမ်ကွင်းလည်း ဖြစ်နေတယ်။ ဒါကြောင့် ဝက်စ်ဘရွန်းတို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

ရှိုင်း မင်း မင်း

ပြင်သစ်ပထမတန်းချန်ပီယံဆုဖလား ပီအက်စ်ဂျီဆွတ်ခူး

ပြင်သစ်ပထမတန်းပြိုင်ပွဲမှ ပြင်သစ်မြေတွင် ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုတစ်ကြိမ်သည် ပီအက်စ်ဂျီအသင်း၏ နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့သောဖလားဖြစ်ကာ ပီအက်စ်ဂျီအသင်းအတွက် လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့သည့် ဆုဖလားလည်း ဖြစ်လာခဲ့သည်။

နည်းပြလောရင့်ဘလန့်၏ ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ၏ ပွဲစဉ်(၃၆)တွင် ရိန်းနက်စ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အမှတ်ပေးဇယား၏ ဒုတိယနေရာမှ နည်းပြ ကလော်ဒီယိုရာနီရီ၏ မိုနာကိုအသင်းအား ခုနစ်မှတ်ဖြတ်ကာ ပြင်သစ်ပထမတန်း ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဇင်ကိုလင်း[၁၂/ကမတ(နိုင်)၀၈၀၉၀၀]၏ သွင်းကုန်ထုတ်ကုန်ပါမစ် (ISP. IDV8.14-15 4164)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၃၀၈၈၄၆၀

စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များအတွက်
ကွန်ပျူတာစနစ်သုံး ငွေပေးချေစက်နှင့် ငွေစာရင်းသွင်းစက်များ
POS အသုံးပြုရလွယ်ကူ၍ ကွန်ပျူတာအခြေခံမှုပင်တတ်ထားစရာမလိုပါ POS
POS One Stop and Total Solutions for POS Systems နှင့် ဆက်စပ်ပစ္စည်းများ POS
AZTAM Myanmar Ltd
01-860 4321, 09-25040 2121, 09-4211 33864
contact@aztam.com , www.aztam.com

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

"Distribution of Energy"

MYANMAR TRADEMARK AND PATENT LAW FIRM

ဘားအံမြို့ လှာကာကျေးရွာအုပ်စု လူနေရပ်ကွက်နှင့် ဘုန်းတော်ကြီးကျောင်းများအနီး တောမီးလောင်ကျွမ်းမှုဖြစ်ပွား

ဘားအံ မေ ၉

ကရင်ပြည်နယ် ဘားအံမြို့ လှာကာကျေးရွာအုပ်စု လူနေရပ်ကွက်အနီး တောရဘုန်းကြီးကျောင်းနှင့် သရက်တောဘုန်းကြီးကျောင်းကြားရှိ တောရိုင်းတစ်ခု၌ မေ ၇ ရက် ညနေ ၆ နာရီ ၅၀ မိနစ်ခန့်က တောမီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းမြေ သုံးဧကခန့် မီးလောင်ကျွမ်းခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများနှင့် ရပ်ကွက်လူနေအိမ်များ မီးကူးစက်လောင်ကျွမ်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ဘားအံမြို့ မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ကိုင်နေကြသော ဒေသခံခြံစိုက်ပျိုးသူ တောင်သူများအနေဖြင့် ယခုလို ပူပြင်းခြောက်သွေ့သောနွေရာသီတွင် ဖြစ်ပွားတတ်သော တောမီးလောင်ကျွမ်းမှုများကြောင့် ဆုံးရှုံးမှုများမဖြစ်ရလေအောင် မီးတားလမ်းများ ဖောက်လုပ် ထားခြင်း၊ မိမိတို့ခြံများသို့ အရေးပေါ်မီးသတ်ယာဉ်များအလွယ်တကူဝင် ထွက်သွားလာနိုင်သောလမ်းများ ဖောက်လုပ်စီမံထားခြင်းဖြင့် ဒေသခံဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများ တောမီးကူးစက်လောင်ကျွမ်းမှုများကြောင့် အချိန်ကုန်ငွေကုန်ပြုစုစိုက်ပျိုးကြသော ရော်ဘာနှင့် အခြားနှစ်ရှည် စိုက်ပျိုးပင်များ ဆုံးရှုံးမှုများကို ထိထိရောက်ရောက်ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ခြံစိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း တောမီးလောင်ကျွမ်းမှုမျိုးဖြစ်ခဲ့ပါက မိမိတို့မီးသတ်ဦးစီးဌာနများသို့ အချိန်မရွေးဆက်သွယ်အကြောင်းကြားနိုင်ကြောင်း ပြောကြားခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

မေ ၉ ရက် ညနေပိုင်းက မိုးရွာသွန်းမှုကြောင့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လမ်း(၅၀)နှင့် (၅၁)လမ်းကြားတွင် သစ်ပင်ကြီးတစ်ပင်လဲနေသည်ကို တွေ့ရစဉ်။
ခင်မောင်ဝင်း(ကြေးမုံ)

ဟားခါးမြို့၌ မီးလောင်မှုကြောင့် နေအိမ်တစ်လုံးဆုံးရှုံး

ဟားခါး မေ ၉

ဟားခါးမြို့၌ မေ ၈ရက် ည ၈ နာရီခန့်က မီးလောင်မှုတစ်ခု ဖြစ်ပွားရာ နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက် ရွှေမန်လိန်းလမ်းတွင် နေထိုင်သော အိမ်ပိုင်ရှင် ဒေါ်ဆုန်ကီးသည် နေအိမ်တွင်မရှိဘဲ အိမ်နီးချင်းအိမ်၌ သွားရောက်နေစဉ် မီးကြွင်းမီးကျန်မှ တစ်ဆင့် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဒေါ်ဆုန်ကီးပိုင် အလျား ၃၈ ပေ၊ အနံ ၂၆ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်နေအိမ် တစ်လုံးဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။ မီးလောင်ရာသို့ ရပ်ကွက်နေပြည်သူ ၃၀၀ ခန့်၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အရန်မီးသတ်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ဌာနပိုင် မီးသတ်ယာဉ်များအပြင် AROMA ROSE ကုမ္ပဏီမှ ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၂၀မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်ဆုန်ကီးအား ဟားခါးမြို့ မြို့မရဲစခန်းက (ပ) ၁၂/၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လမ်းမတော်မြို့နယ်တွင် လေပြင်းတိုက်ခတ် ပျက်စီးထိခိုက်မှုအချို့ရှိ

ရန်ကုန် မေ ၉

မေလ ၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် လေပြင်းတိုက်၊ မိုးရွာခြင်းများဖြစ်ပေါ်ရာ လမ်းမတော်မြို့နယ်တွင် အပျက်အစီးနှင့် လူထိခိုက်မှု အချို့ရှိသည်ဟု မြို့နယ်တွင်းနေထိုင်သူတစ်ဦးကဆိုသည်။

အဆိုပါလေပြင်းဒဏ်ကြောင့် (၉) လမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်ရှိ အထပ်မြင့်တိုက်၏အပေါ်ဆုံး ထပ်ဒုတိယပြတင်းပေါက်မှ မှန်ချပ်များ မြေပြင်သို့ပြုတ်ကျလာရာ အဆိုပါတိုက်ဘေး (၉)လမ်းသွယ်အတွင်း ဈေးရောင်းသူတစ်ဦးအပေါ် ကျရောက်သဖြင့် ဦးခေါင်းပိုင်းနှင့်ညာလက်တို့တွင် ထိခိုက်ဒဏ်ရာရပြီး ဆေးကုသခံခဲ့ရကြောင်း မျက်မြင်တွေ့ခဲ့ရသူတစ်ဦးက ဆိုသည်။

မေ ၈ ရက် ညနေပိုင်းလေပြင်းတိုက်ခတ်မှုကြောင့် လမ်းပေါ်ရှိ လျှပ်စစ်ဓာတ်ကြိုးများ ထိမိ၍ ဝါယာရှော့ခ်ဖြစ်ကာ မီးပွင့်များ ထွက်ပေါ်ခြင်းများကို သက်ဆိုင်ရာက အချိန်မီ ဓာတ်အားယာယီဖြုတ်တောက်ပေးနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ရန်ကုန်မြို့တွင်း နေထိုင်သူများက ဆိုသည်။

(မောင်စေအောင်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

(၃.၅.၂၀၁၄)ရက်နေ့၊ နေပြည်တော်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနား၌ (၂၀၁၂-၂၀၁၃)ခုနှစ်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ကုန်သည်၊ ပွဲစား၊ စက်ပိုင်များ မဟာကထိန်တော်အသင်း၊ ကုန်စည်ဒိုင်အား **"အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု"** ကို ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

ရခိုင်ပြည်နယ်၌ သန်းခေါင်စာရင်း မေလကုန်နောက်ဆုံး ကောက်မည်

ရန်ကုန်၊ မေ ၉

ရခိုင်ပြည်နယ်တွင် သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိနေသည့် ဘင်္ဂါလီလူမျိုးများအား သန်းခေါင်စာရင်း ဆက်လက်ကောက်ယူနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်မှုကို မေလကုန်အထိ နောက်ဆုံး ပြုလုပ်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မေ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် တွေ့ဆုံရှင်းလင်းပွဲတွင် ပြောကြားသည်။

“ကျွန်တော်ရခိုင်ကို ထပ်သွားပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီး စာရင်းပြန်ကောက်နိုင်ရေးအတွက် ကြိုးစားသွားမှာပါ။ သန်းခေါင်စာရင်းကောက်တဲ့ လုပ်ငန်းရပ်ပြီးရင် ခြောက်ပတ်ကနေ ရှစ်ပတ်အတွင်း ပြန်ကောက်လို့ရတဲ့အတွက် မေလနောက်ဆုံးရက်အထိ ကြိုးစားသွားဖို့ရှိတယ်။ အဲဒီရက်မှ မရရင်တော့ ကျွန်တော်တို့ လုပ်ငန်းကလည်း ရပ်တန့်ရတော့မှာဖြစ်တယ်။ ကောက်ယူတဲ့နေရာမှာ ဘင်္ဂါလီလို့လည်း မဖြေနဲ့ ရိုဟင်ဂျာလို့လည်း မဖြေနဲ့ အဲဒီနည်းနဲ့ ကောက်ယူမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်း ဘင်္ဂါလီလူမျိုး ၁ ဒသမ ၃၃ သန်းရှိသည့်အနက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင် ရခိုင်ပြည်နယ်မှအပ ကျန်ပြည်နယ်နှင့် တိုင်းများမှ ဘင်္ဂါလီဦးရေ သုံးသိန်းကျော် စာရင်းကောက်ယူနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်ငါးခုမှ ခရိုင်နှစ်ခုတွင် ဘင်္ဂါလီဦးရေစာရင်း တစ်သောင်းကျော် ကောက်ယူနိုင်ခဲ့ပြီး ကျန်ခရိုင်သုံးခုတွင် ကောက်ယူ၍ မရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီလူမျိုးများ သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် နည်းလမ်း လေးမျိုးရှိပြီး ပထမအချက်အနေဖြင့် လက်ရှိ လုပ်ငန်းများ အောင်မြင်နေပြီ ဖြစ်သဖြင့် ရပ်တန့်နိုင်ပြီး၊ ကျန်ရှိသည့်ဒေသများအား ရပ်နားရသည့် အကြောင်းအရင်း ထုတ်ပြန်ချက်ထုတ်ပြန်၍ သန်းခေါင်စာရင်းကောက်ယူမှု ရပ်နားနိုင်သည်။

ဒုတိယ အချက်တွင် အခြားရရှိနိုင်သမျှ အချက်အလက်ကိန်း ဂဏန်းများ ရယူ၍ ခန့်မှန်းထုတ်ပြန်ခြင်း၊ တတိယအချက်တွင် ပဋိပက္ခများမဖြစ်ပွားစေရန် ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်း၍ အောင်မြင်မှုမပျက်ဆီးစေရန် ကျိန်သေအာမခံပေး၍ ဆက်လက်ကောက်ယူခြင်း၊ စတုတ္ထအချက်တွင် အပြည့်အဝ ကောက်ခံခြင်းမပြုတော့ဘဲ စစ်တမ်းများဖြင့် ရာခိုင်နှုန်းအလိုက် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရှင်းပြသည်။

တင်မောင်ဦး

ကလေးမြို့နယ်တွင် နတ်မြောင်းကျေးရွာအုပ်စု မြစ်သာမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် နတ်နန်းကျေးရွာတွင် ရေကာတာဆောက်လုပ်

နတ်နန်းကျေးရွာတွင် မြစ်ရေတင်တိုက်စားမှုမှ ကာကွယ်ရန် ရေကာတာတည်ဆောက်နေမှုလုပ်ငန်းအား တွေ့ရစဉ်။

ကလေး၊ မေ ၉

ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စု နတ်နန်းကျေးရွာသည် ယခင် မိုးတွင်းကာလက မြစ်သာမြစ်ရေတိုက်စားမှုကြောင့် ကျေးရွာအနီးရှိကမ်းပါးများ ပြိုကျ ပျက်စီးသွားသောကြောင့် နတ်နန်းကျေးရွာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် အရှည်ပေ ၆၂၀ ရှိ ရေထိန်းရေကာတာ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မြစ်ရေလမ်းကြောင်းဖြောင့်ခြင်း လုပ်ငန်းကို ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်ကူပြုအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၂၀၀ အကုန်ကျခံဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရန် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက လက်တွေ့ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်လျက်ရှိသည်။

ကလေး(ခရိုင်ပြန်/ဆက်)

နေ့စဉ်ထုတ်သတင်းစာများ ရောက်ရှိချိန်စော၍ စာဖတ်သူများအဆင်ပြေလျက်ရှိ

ရေတာရှည်၊ မေ ၉

မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့ဖ်မြန်မာ နေ့စဉ်ထုတ်သတင်းစာများအား မေ ၁ ရက်မှစတင်ကာ နေပြည်တော်သတင်းစာတိုက်အသီးသီးမှ နေ့စဉ်တိုက်ရိုက်စနစ်ဖြင့် ဖြန့်ချိပေးလျက်ရှိရာ စာဖတ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်က ရေတာရှည်မြို့နယ်တွင်ညနေစောင်းမှ ရောက်လေ့ရှိပြီး တစ်ခါတစ်ရံ တင်ပို့ပေးလိုက်သည့် ယာဉ်ကမေ့လျော့သွားသောကြောင့် နောက်တစ်နေ့မှ ဖတ်ရှုကြရသောကြောင့် စာဖတ်သူများ၏ ဝေဖန်မှုများရှိခဲ့ကြောင်းသိရသည်။

“သတင်းစာ စောစောရောက်တဲ့အတွက် နေ့စဉ်ဖြစ်ပျက်နေတဲ့ သတင်းတွေကို လတ်လတ်ဆတ်ဆတ် ဖတ်ခွင့်ရတာပေါ့။ ဒါပေမယ့် ဖြန့်ဝေသူဘက်ကလည်း အချိန်နဲ့တစ်ပြေးညီ ပို့နိုင်ရင်ပိုကောင်းပါတယ်” ဟု ဆွာမြို့ခံတစ်ဦးက ပြောသည်။

သတင်းစာတိုက်ရိုက်ပို့သည့်ယာဉ်သည် ရေတာရှည်မြို့နယ်သို့ နေ့စဉ် နံနက် ၇ နာရီတွင် ရောက်ရှိပြီး တောင်ငူခရိုင် တောင်ဘက်ဆုံးဖြစ်သည့် ဖြူးမြို့နယ်အထိ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြင်စည်ကျေးရွာတွင် မီးသတ်စခန်းတစ်ခု ဖွင့်မည်

မြင်းခြံ၊ မေ ၉

ပြင်စည်ကျေးရွာတွင် မီးသတ်စခန်းတစ်ခုဖွင့်ပေးရန် ကျေးရွာနေပြည်သူများက နိုင်ငံတော်အစိုးရထံသို့ တင်ပြတောင်းခံထားရာ အင်အားကိုးဦးနှင့်မီးသတ်ယာဉ် နှစ်စီးပါဝင်သောမီးသတ်စခန်းတစ်ခု ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ရပြီဖြစ်ကြောင်း သိရသည်။

ပြင်စည်ကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းဘေးတွင်ရှိခြင်း၊ မြင်းခြံ-မန္တလေး ခရီးသည်တင် ယာဉ်များရပ်နားသည့်နေရာဖြစ်ခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူဦးရေနှင့် အဆောက်အအုံများ တိုးပွားလာသည်။

ထိုသို့ ဖွံ့ဖြိုးတိုးတက် စည်ကားလာသော ကျေးရွာတွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရန် မီးသတ်ယာဉ်များ ရရှိရေးကို နိုင်ငံတော်အစိုးရထံသို့ ကျေးရွာနေ ပြည်သူများမှ တင်ပြတောင်းခံထားကြောင်းသိရသည်။

အဆိုပါ ပြင်စည်ကျေးရွာတွင် လက်ထောက်ဦးစီးမှူးအပါအဝင် အင်အားကိုးဦး၊ နယ်မြေမီးသတ်စခန်းအဆောက်အအုံ တစ်လုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ် တစ်လုံး ၊ လေးခန်းတွဲ နှစ် ထပ်ဝန်ထမ်းနေအိမ် တစ်လုံး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး ၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ စုစုပေါင်း မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့သည်။

ပြင်စည်ကျေးရွာတွင် နယ်မြေမီးသတ်စခန်းကို ယခုဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနမှူးရုံးမှ မီးသတ်ယာဉ်များ ဝယ်ယူရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး ဝယ်ယူပြီးပါက မီးသတ်ယာဉ်များအား ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိပြီး နွေကာလတွင် အလွန်ပူပြင်းခြောက်သွေ့သော ရာသီဥတုကိုခံစားရသော ဒေသဖြစ်သည်။ ပြင်စည်ကျေးရွာသည်လည်း မန္တလေးတိုင်းအတွင်း တည်ရှိသဖြင့် ပူပြင်းခြောက်သွေ့ကာ မီးဘေးအန္တရာယ်ကို စိုးရိမ်နေကြသည်။

ဇော်မင်းနိုင်(မြင်းခြံ)

သတင်းတို

ညအချိန် ခြင်ထောင်ထဲဝင်သူကိုအမှုဖွင့်

မေ ၅ ရက် ည ၁၂ နာရီအချိန် ကအုတ်တွင်းမြို့နယ်၊သံဒိုင်ခင်ကျေးရွာတွင်ခင်ပွန်းမရှိချိန် သားအမိနှစ်ဦးအိပ်ပျော်နေစဉ် အမည်မသိလူတစ်ဦးခြင်ထောင်ထဲသို့ဝင်လာရာ ၎င်းက လက်နှိပ်ဓာတ်မီးနှင့်ကြည့်ရာ တွင်တစ်ရွာတည်းနေ နိုင်လင်း ၂၃ နှစ် ကိုတွေ့ရပြီး နိုင်လင်းမှ ၎င်း၏ပါးစပ်ကိုလှမ်းပိတ်ခဲ့ရာ ၎င်းက လက်လိမ်ချိုးခဲ့သဖြင့် နိုင်လင်းမှာအိမ်ပေါ်မှ ဆင်းပြေးသွားခဲ့၍ အုတ်တွင်းမြို့ မရဲစခန်းမှ(ပ) ၉၇/ ၂၀၁၄ပုဒ် မ ၄၅၆ ဖြင့် အမှုဖွင့်စစ် ဆေးလျက်ရှိသည်။ **ကိုလွင်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ... (၂) ... ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ... (မြန်မာကျပ်ငွေဖြင့်) ... ပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	၆''-၉'' ကျောက်ကြီး	၁၃၅ ကျင်း
၂။	၂''-၄'' ခွဲကျောက်	၆၃၅ ကျင်း
၃။	(၃/၄'') [illegible]	၂၀၀၀ ကျင်း
၄။	၁''-၂'' ခွဲကျောက်	၃၀၀၀ ကျင်း
၅။	သဲကျောက်	၅၅၀ ကျင်း
၆။	မြစ်သဲ	၃၀၀ ကျင်း
၇။	မြစ်ကျောက်စရစ်	၃၀၀ ကျင်း
၈။	ကျောက်[illegible]	၃၀၀ ကျင်း

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၅-၅-၂၀၁၄ ရက် နံနက် ၉း၀၀ နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁၅-၅-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ...
ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး။

...

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၆၆-၅၂၀၀၀၊ ၀၆၆-၅၂၀၀၀

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြေညာအမှတ်(၂/ ၂၀၁၄)

...

မြန်မာ့လေကြောင်း

အသိပေးကြေညာချက်

... M.V MALACCA HIGHWAY V.173 ... ORIGINAL BILL OF LADING ...

ဖုန်း-၂၃၁၁၁၃၃၊ ၂၃၀၁၁၉၈၊ ၂၃၀၁၁၉၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့စီးပွားရေးကုမ္ပဏီ

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ...
၂။ ...
၃။ ...

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

ကားငှားရန်ရှိသည်

CNG Canter 10' Box ...
ငှားရမ်းလိုသည်။
ဖုန်း-၀၉-၇၃၁၆၆၂၂၃

အမည်ပြောင်း

...

ဂဝံမြေအုတ်ဈေးများမကောင်း၍ ဂဝံတူး သူများ တွက်ခြေမကိုက်ဖြစ်နေ

သထုံ၊ မေ ၉

ယခုနှစ် ပွင့်လင်းရာသီတွင် ဂဝံမြေအုတ်ဈေးနှုန်းများ အတက်အကျမရှိခြင်းနှင့် ဂဝံမြေအုတ်တူးဖော်ခြင်းအား ကန့်သတ်မှုများရှိလာတော့မည်ဖြစ်သောကြောင့် ဂဝံအုတ်တူးသူများ တွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။

"အုတ်တူးဖို့မြေကွက်ဝယ်တဲ့ အခါ ဒိုင်ဆီက ငွေကြိုယူပြီးဝယ်ရတယ်။ တူးလို့ရတဲ့ အုတ်တွေကို သူ့ဆီ ပြန်သွင်းရတာပေါ့။ မနှစ်ကဈေးနဲ့ အတူတူ တစ်လုံး ကျပ် ၁၅၀ နှုန်းပဲရပြီး တစ်နေ့အလုံး ၅၀ လောက်ကို နှစ်ယောက်တူးရတာဆိုတော့ တွက်ခြေသိပ်မကိုက်ဘူး။ အလုပ်ရှားပါးတော့လည်း ရတဲ့အလုပ်ကို လုပ်နေရတာပေါ့"ဟု သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာမှ ဂဝံမြေအုတ်တူးသူ ကိုထွန်းထွန်းက ပြောသည်။

"ရွာမှာ အုတ်တူးတဲ့လုပ်ကွက် ၁၀ ကွက်လောက်ရှိပါတယ်။ ၁၀ ပေ ပတ်လည် အုတ်တူးကွက် တစ်ကွက်ကို ကျပ် ၅၀၀၀၀ ကနေ ကျပ် ၉၀၀၀၀ လောက်အထိ မြေရှင်တွေကိုပေးပြီး ဝယ်တူးရတာပါ။ မိုးကျတာနဲ့ နားပြီး လယ်ပြန်လုပ်ရတာပေါ့"ဟု ၎င်း က ဆက်လက်ပြောသည်။

သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာမှထွက်သည့် ဂဝံမြေတူးအုတ်များသည် မာကျောကျစ်လစ်ပြီး အရည်အသွေး ကောင်းမွန်သောကြောင့် ဒေသတွင်း လူကြိုက်များသော်လည်း ဂဝံအုတ်တူးဖော်ပြီးပါက မြေကျင်းကြီးများသာ ကျန်ရှိခဲ့သည်။

ယင်းမြေကျင်းများမှာ မူလမြေပြင်အတိုင်း ပြန်လည်ရရှိရန် အချိန်များစွာကြာမြင့်ပြီး ကျေးရွာအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုနှင့် မြေပြိုမှု အန္တရာယ်များ စိုးရိမ်ရသောကြောင့် လာမည့်နှစ်တွင် အဆိုပါ ဂဝံမြေအုတ် တူးယူမှုများကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းညွန့်ထံမှ သိရသည်။ **သက်ဦး(ခရိုင်ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့နယ်တွင် လေပြင်းတိုက်ခတ်၍ ကျောင်းဆောင်အမိုးများ ပွင့်ထွက်

ကန်ကြီးထောင့်၊ မေ ၉

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်တချို့နှင့် ကျေးရွာများတွင် မေ ၆ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ရာ ဆပ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အမိုးအချို့ပွင့်ထွက်ခဲ့ကြောင်း သိရသည်။ ၎င်းနေ့ကဖြစ်ပေါ်ခဲ့သော မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် ကန်ကြီးထောင့်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ဆပ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်များအနက် အလျား ပေ ၆၀ အနံပေ ၃၀ ရှိ သဇင်ဆောင်ပေးခန်းအဆောင်နှင့် ၎င်းနှင့်ကပ်လျက်ရှိသော အလျားပေ ၃၀ အနံ ၂၄ ပေရှိ နဝမတန်း(A) အခန်းတို့မှာ အခန်းအမိုးများ ပွင့်ထွက်ပျက်စီးခဲ့သည်။

အဆိုပါ မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၇၇၅၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ၎င်းအပျက်အစီးများအား မြို့နယ်ပညာရေးဌာနနှင့် ကျောင်းကော်မတီအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျွန်းကလေးကျေးရွာတွင် စက်ပျက်၍ရပ်ထားသော ယာဉ်ကို ဝင်ရောက်တိုက်မိသည့် ဒိုင်နာယာဉ်မှ ယာဉ်မောင်းသေဆုံး

လှည်းကူး၊ မေ ၉

လှည်းကူးမြို့နယ်အတွင်း မေ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်-ပဲခူးလမ်းအတိုင်း ပဲခူးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မြင့်ရွှေ(ခ)စိုးလွင် ၄၉ နှစ် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိုးချဲ့ရပ်ကွက်နေသူမောင်းနှင်လာသော ဒိုင်နာအဖြူရောင်ကိုယ်ပိုင်ယာဉ်သည် ကျွန်းကလေးကျေးရွာ၊ လမ်းလယ်ကျွန်းအမှတ် (၉၅) နှင့် (၉၆)ကြား အရောက်၌ စက်ပျက်၍ လမ်းဘေးတွင်ရပ်ထားသော နှစ်ဆန်းအပြာရောင် အငှားယာဉ်၏ နောက်ပိုင်းကိုဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးစလုံးမှာ ပျက်စီးခဲ့ရပြီး ယာဉ်မောင်းဖြစ်သူ မြင့်ရွှေ(ခ)စိုးလွင်မှာ ဦးခေါင်းပေါက်ပြဲ၊ နဖူးကွဲ၊ မေးကွဲ၊ ရင်ဘတ်ဖူးရောင်၊ အပေါ်နှုတ်ခမ်းကွဲ ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ရသောကြောင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း မြင့်ရွှေ(ခ)စိုးလွင်(သေဆုံး)အား လှည်းကူးမြို့မရဲစခန်းက ယာဉ်(ပ)၄၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **စိုးဝင်း(MLA)**

သတင်းတို

ဗဟန်းမြို့နယ်တွင် ကားမီးလောင်မှုဖြစ်ပွား

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းရှိ ကျော်နီအလူမီနီယံလုပ်ငန်းနှင့် ဂျာမနီအင်ဂျင်ဝိုင်ရောင်းဝယ်ရေးအရောင်းဆိုင်ရှေ့၌ မေ ၇ ရက် မွန်းလွဲ ၁ နာရီတွင် Dona (ကမ္ဘောဒီးယားသူ) အသက် ၃၉ နှစ် (ဘ) Noria၊ pp-15758385 သည် စမ်းချောင်းမြို့နယ်နေသူ ယာဉ်မောင်းတစ်ဦး မောင်းနှင်လာသည့် ပရိုဘောက်စ် ခဲရောင်ယာဉ်မှာ အပူလွန်ကဲ၍ ကားခေါင်းမီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုသည် မွန်းလွဲ ၁နာရီ ၁၅မိနစ်ခန့်အကြာတွင် မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်မီးသတ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများရောက်ရှိကူညီခဲ့ကြသည်။ မီးလောင်မှုကြောင့် ငွေကျပ် ၂၀၀၀၀၀ ဖိုးခန့်ပျက်စီးဆုံးရှုံးခဲ့ပြီး ဗဟန်းရဲစခန်း၌ ဒုရဲအုပ်ထွန်းမွေ့က တရားလိုပြုလုပ်၍ (ပ) ၁၈၇၊ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန္တာမေ

ခင်ဦးမြို့နယ်၌ နံရံကပ်စာပေရေချမ်းစင်များ ဖွင့်လှစ်

ခင်ဦး၊ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ မေ ၁ ရက်မှ စတင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်ကြည်ဆန်းနှင့် ဝန်ထမ်းများမှ မြို့ပေါ်ငါးနေရာနှင့် ကျေးရွာငါးရွာတို့ကို သွားရောက်၍ နံရံကပ်စာပေရေချမ်းစင်များ ဖွင့်လှစ်ခဲ့ပြီး အောင်သာကျေးရွာနေ ဦးစိန်သောင်းက နံရံကပ်စာပေရေချမ်းစင်တွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးနှင့်အခြားကဏ္ဍများ ပါရှိသည့်အတွက် အကြောင်းအရာကို လွယ်လွယ်ကူကူ ကလေးတွေပါ ဖတ်ရှုရသည့်အတွက် ကောင်းမွန်သော နံရံကပ်စာပေရေချမ်းစင် ဖြစ်ကြောင်း ပြောသည်။ **ခင်စိုးဝေ**

ကံကြီးကျေးရွာ ဆဋ္ဌမကြိမ် ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

ကလေး၊ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ်ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်း သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို မေ ၇ ရက်က ကံကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌ(အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ကိုယ်တိုင်ကြွရောက်တော်မူခဲ့သည်။

ကံကြီးကျောင်းဆရာတော် ဉူးပညာစာရမှ ထူးချွန်သော ကျောင်းသား ၁၂ ဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆဋ္ဌမအကြိမ် ယဉ်ကျေးမှု သင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၅ ရက်ထိ ၁၅ ရက်ကြာ ယဉ်ကျေးလိမ္မာသင်ခန်းစာများ သင်ကြားခဲ့ပြီး အနာဂတ်အတွက် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ကြောင်း ကံကြီးကျောင်းဆရာတော် ဉူးပညာစာရက မိန့်ကြားခဲ့သည်။

လရိပ်ပြာ(ကလေး၊ကိုယ်ပွား)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

ခရုသင်းသမင်ဖြူ

[illegible]

SEVEN ပံ

[illegible] SEVEN [illegible]

ဖုန်း-၀၉-[illegible]

ဆိုင်ခန်းရောင်းမည်

[illegible] ဆိုင်ခန်းကြီး ၁ ခန်း ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-[illegible]

နိုင်ငံတကာလေဆိပ်များ၌ အွန်လိုင်းဗီဇာစနစ် စက်တင်ဘာပထမပတ် စတင်နိုင်ရန် ဆောင်ရွက်နေ

ရန်ကုန်၊ မေ ၉

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ပထမ သီတင်းပတ်၌ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာ လေဆိပ်များတွင် အွန်လိုင်း ဗီဇာစနစ်(e.Visa) စနစ်ကို ပထမအဆင့်အနေဖြင့် စတင်နိုင်ရန် စီစဉ်နေကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မေ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

"ကျွန်တော့ကို နိုင်ငံတော်အကြီးအကဲကလည်း အဲဒီ e.Visa စနစ်ကို စက်တင်ဘာပထမအပတ်နောက်ဆုံးထားပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ဖို့ ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်စပ်ဒေသ ဝင်ပေါက်ထွက်ပေါက် ဂိတ်တွေအပါအဝင် နိုင်ငံတကာလေဆိပ်တွေမှာပါ ဒါ့ထက်မက မြန်မြန်ဆန်ဆန်လုပ်နိုင်အောင်လို့ အမြန်ဆုံးဆောင်ရွက်နေပါတယ်" ဟု ၎င်းကပြောသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ် ၂၈ တွင် နိုင်ငံတကာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်နှစ်ခုကို အသိအမှတ် ပြုခဲ့ပြီး ယင်းဝင်ပေါက် ထွက်ပေါက်များမှ ပြည်တွင်းသို့ ပတ်စ်ပို့၊ ဗီဇာများဖြင့် သွားလာနိုင်ပြီဖြစ်ကာ မြန်မာနိုင်ငံတွင် တရားဝင်နယ်စပ်ဂိတ် ဝင်ပေါက်ထွက်ပေါက် ၁၆ ပေါက်ရှိ၍ နယ်စပ်ဂိတ်များတွင် (BP)စနစ်ဖြင့် နယ်စပ်မြို့များသို့ သွားလာခွင့်ရရှိကြောင်း ၎င်းက ပြောသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု ပိုမိုတိုးတက်လာလျက်ရှိနေပြီး ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၂ သန်းကျော်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၂ ဒသမ ဝ၄၄ သန်း ဝင်ရောက်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် သုံးသန်းခန့် လာရောက်ရန် မျှော်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ သိရသည်။ လက်ရှိအချိန်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ နိုင်ငံအတွင်းရှိ ခရီးသွားလုပ် ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် မဟာစီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိနေကြောင်းသိရ၍ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံအတွင်းသို့ နယ်စပ်ဝင် ပေါက်များမှတစ်ဆင့် နိုင်ငံခြားခရီးသွား ၁၄၄၁၄၆ ဦးဝင်ရောက်ခဲ့ကြောင်းသိရသည်။ **တင်မောင်ဦး**

လှုတ်တော်ကိုယ်စားလှယ်၊ စည်ပင်သာယာရေးကော်မတီများမှ တိုက်ကြီးမြို့နယ်အဖျောက်တွင် မြစ်ကမ်းပါးပြိုကျခြင်း ကွင်းဆင်းဆောင်ရွက်

တိုက်ကြီး၊ မေ ၉

တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ဧရာဝတီမြစ်ကမ်းပါး ပြိုကျနေသဖြင့် အချိန်မီ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းမောင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှတင်၊ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာများက ဧရာဝတီ မြစ်ကမ်းပါး ပြိုကျနေမှုအခြေအနေကို ဆောင်ရွက်ရန် မေ ၇ ရက် နံနက် ၁၀ နာရီက အဖျောက်မြို့ အမှတ် (၄) ရပ်ကွက်သို့ ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

အမှတ်(၄)ရပ်ကွက်တွင် ကမ်းပြိုသည့်နေရာမှာ သုံးနေရာရှိကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုကျသည့် နေရာတစ်နေရာလျှင် ပေ ၅၀၀ ခန့် စုစုပေါင်း ပေ ၁၅၀၀ ခန့်ရှိပြီး အမှတ်(၄)ရပ်ကွက်တွင် အိမ်ခြေ ၆၈၆ အိမ်ရှိရာ ယခုကမ်း ပြိုသည့်နေရာတွင် အိမ်ခြေ ၁၈၆ လုံးခန့်ရှိသည်။

အဆိုပါ နေရာအား ကာကွယ်မှုမပြုပါက အားလုံးပါသွားနိုင်ကြောင်း၊ အိမ်နှင့် အဆိုပါကမ်းမှာ ပေ ၃၀ အကွာတွင်ရှိကြောင်းကိုအဖျောက်မြို့မိမြို့ဖ ဦးသန်းစိုးက ပြောသည်။

"ဒီကမ်းပြိုတဲ့နေရာကို ဝါးတန်းချတာ၊ ရေတောင်ဝှေးချတာတွေပြုလုပ်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရကို ရန်ပုံငွေ တင်ပြထားပြီးဖြစ်ပါတယ်။ မေလအတွင်းမှာ ခွင့်ပြုရန်ပုံငွေချပေးမယ်လို့ သိထားပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမောင်က ပြောသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းက ဧရာဝတီကမ်းပြိုခြင်းလုပ်ငန်းကို မိုးမကျမီ ပြုလုပ်နိုင်ရန်အတွက် ပထမအရစ်အနေဖြင့် စည်ပင်ရန်ပုံငွေ ကျပ် ၂၅ သိန်းဖြင့် လုပ်ငန်း စတင်မည်ဖြစ်ကြောင်းသိရသည်။

လိုအပ်တဲ့ငွေကိုလည်း တိုင်းစည်ပင်သာယာရေးသို့ တင်ပြထားကြောင်း၊ ကမ်းပြိုခြင်းလုပ်ငန်းကို စည်ပင် သာယာအနေဖြင့် အင်ဂျင်နီယာများနှင့် အမှတ်(၄)ရပ်ကွက် ရပ်မိရပ်ဖများ၊ ကျွမ်းကျင်သူများ ပူးပေါင်း၍ ရေလွှဲတန်းရိုက်ခြင်း၊ ဒိုင်းမွန်းစပါးရိုက်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ရန်နှင့် ရပ်မိရပ်ဖများမှ ဝါးပိုးဝါးများ စုဆောင်းခြင်း၊ သစ်သားတိုင်များ စုဆောင်းခြင်း၊ ရေတောင်ဝှေ့ချခြင်း၊ ရေဖောင်လုပ်ငန်းများကို ပြုလုပ်ရန် ဆွေးနွေးထားကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါအဖွဲ့မှ ကမ်းပြိုသောနေရာသို့ ကွင်းဆင်း၍ ဝါးများ စုဆောင်းမှုအခြေအနေ၊ သစ်သားတိုင်များ စုဆောင်းမှုအခြေအနေတို့ကို သွားရောက် စစ်ဆေးကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

သတင်းတိုများ

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ကို ကြိုဆိုသောအားဖြင့် အင်းစိန်တွင်ခွေး၊ကြောင်၊ဝက်များကို ကာကွယ်ဆေးထိုး

အင်းစိန်မြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ရပ်ကွက် ၂၁ ရပ်ကွက်သို့ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာတင်ထွန်းနှင့်အဖွဲ့မှ ရပ်ကွက်အတွင်းရှိ ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူထားသော ဝက်များနှင့် ဝက်မွေးမြူရေးခြံများအား ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများကို ဧပြီနောက်ဆုံးပတ်မှ မေလဆန်းထိ ကွင်းဆင်းပြီး ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

ငွေကျပ် ၈၀၀၀၀ ထည့်ထားသောအိတ်ကို ဆိုင်ကယ်စီးနင်းလာသော အမျိုးသားသုံးဦးမှ လုယူထွက်ပြေး

လမ်းလျှောက်နေသူ အမျိုးသမီးထံမှ ငွေများထည့်ထားသော ကြွပ်ကြွပ်အိတ်ကို ဆိုင်ကယ်စီးနင်းလာသော အမျိုးသားသုံးဦးက လုယူထွက်ပြေးခဲ့သော ဖြစ်စဉ်တစ်ခု အင်းစိန်မြို့နယ်အတွင်း ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ အင်းစိန်မြို့နယ်နေ ဒေါ်ယဉ်ယဉ်ဆန်းသည် မေ ၄ ရက် ည ၇ နာရီခွဲက ကျန်းမာရေးမကောင်းသဖြင့် အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်ရှိ ကောင်းဆေးရုံသို့သွားရောက်ရန် ခင်ပွန်းဖြစ်သူနှင့်အတူ အောက်မင်္ဂလာဒုံလမ်းအတိုင်း လမ်းလျှောက်လာခဲ့ကြောင်း၊ ထိုသို့လမ်းလျှောက်လာစဉ် အောင်ထက်ကျူရှင်ရှေ့အရောက် အနောက်ဘက်မှ အမျိုးသားသုံးဦးစီးနင်းလာသော ဆိုင်ကယ်တစ်စီးမှာ ၎င်းတို့အနီးသို့ရောက်ရှိလာပြီး အမျိုးသားသုံးဦးအနက် တစ်ဦးမှ ၎င်းကိုင်ဆောင်ထားသောငွေကျပ်၈၀၀၀၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဆေးဝါးများထည့်ထားသော အဖြူရောင်ကြွပ်ကြွပ်အိတ်အား လုယူ၍ မောင်းနှင်ထွက်ပြေးသွားခဲ့၍ အဆိုပါအမျိုးသားသုံးဦးအား အရေးယူပေးရန် တိုင်တန်းလာခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုင်တန်းချက်အရ အင်းစိန်မြို့မရဲစခန်းက (ပ)၄၂၀/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၈၂ ဖြင့် အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း–MLA)**

နေအိမ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် အမျိုးသမီးတစ်ဦး ကိုယ်ဝန်ပျက်ကျ သေဆုံး

ကွမ်းခြံကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ်၊ ကမာကလွှန်ကျေးရွာ၌ အမျိုးသမီးတစ်ဦး ကိုယ်ဝန်ပျက်ကျ သေဆုံးကြောင်း သတင်းအရ မေ ၅ ရက် နံနက် ၈ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မခင်သန်းနု ၄၁ နှစ်ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ ဖြစ်စဉ်မှာသေဆုံးသူတွင် ကိုယ်ဝန်ငါးလခန့်ရှိပြီဖြစ်ကြောင်း၊ မေ ၄ ရက် ည ၇ နာရီ ခန့်က နေအိမ်နောက်ဖေးရှိ လေးပေခန့်အမြင့်မှ ပြုတ်ကျခဲ့သဖြင့် ကိုယ်ဝန်ပျက်ကျခဲ့ပြီး ယင်းည ၁၁ နာရီ ၅၅ မိနစ်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသောကြောင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ကွမ်းခြံကုန်းမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၄/၂၀၁၄ ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(စိုးဝင်း–MLA)**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမည်ပြောင်းလဲခြင်း

ဆောက်လုပ်ရေးလုပ်ငန်းများ အတွက်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

IFB-006(14-15)	Double Row Radial Spherical/Self Alignment Roller Bearing	USS
IFB-008(14-15)	Spares for SAFE Compressor	USS
IFB-010(14-15)	Spares for Heater Magnetic TOHEIO	USS
IFB-011(14-15)	Spares for Telecommunication Equipment	USS

ငှားမည်
ဆက်သွယ်ရန်ဖုန်း-၀၉-၅၅၅၁၁၁၉

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း
MDY - ၁၁၅၉၉၆၄

လုပ်ချင်တာတွေ လုပ်နိုင်ဖို့
လုပ်သင့်တာတွေလည်း လုပ်နိုင်ဖို့
ကြည်မင်း
WISDOM HOUSE

ဆောင်းပါး

"မထူးပေမယ့်ဆန်းပါတယ်"

à ခင်မောင်ဌေး(ပညာရေး)

တကယ်တော့ အာစရိယပူဇော်ပွဲဆိုရင် အတော့်ကို ရိုးစင်းတဲ့ အကြောင်းအရာပါပဲ။ နိုင်ငံရဲ့ တစ်နံတစ်လျားမှာ အာစရိယပူဇော်ပွဲတွေ ကျင်းပလာလိုက်တာလည်း သောသောကိုညံလို့ပါ။ အထူးအဆန်းတစ်ခုသဖွယ်တော့ မဟုတ်တော့ပါဘူး။

ဒါပေမယ့် အခု စာရေးသူရေးရတဲ့ အာစရိယပူဇော်ပွဲကတော့ မထူးပေမယ့် ဆန်းတယ်လို့ဆိုနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နှစ်ပေါင်း ၆၀ ကျော်မှ ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့တဲ့ ပွဲမို့ပါ။ ကျင်းပတဲ့ကျောင်းကတော့ မိတ္ထီလာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်း) ဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့ကျောင်း။ ဗိုလ်မှူးအဆင့်၊ ဗိုလ်ကြီးအဆင့် တာဝန်ယူအုပ်ချုပ်ခဲ့တဲ့ကျောင်း။ နောက်ပိုင်းမှာ အရပ်သားကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတွေအုပ်ချုပ်ခဲ့တယ်။ အဲဒီနောက်မှာ (၁၉၉၀ ခုနှစ် နောက်ပိုင်းလောက်ထင်ပါတယ်) ဗိုလ်မှူး၊ ဗိုလ်ကြီးအဆင့်တွေ တာဝန်ယူအုပ်ချုပ်ခဲ့တာ ဒီနေ့ထိပါပဲ။

နှစ်ပေါင်း ၆၀ ကျော်အထိ အာစရိယပူဇော်ပွဲ မပြုလုပ်နိုင်ခဲ့ရတဲ့အကြောင်းကတော့ စုစည်းမှုမရနိုင်ခဲ့လို့ပါပဲ။ မိတ္ထီလာမြို့က တပ်မြို့ကိုး။ တပ်ရင်း၊ တပ်မ၊ တပ်ဆွယ်အသီးသီးက ကျောင်းသား၊ ကျောင်းသူတွေ တက်ရောက် သင်ကြားကြရပါတယ်။ ဒါပေမယ့် ကျောင်းသား၊ ကျောင်းသူအများစုဟာ ဒီကျောင်းမှာ ပညာသင်နှစ်ရှည်ကြာစွာ ပညာသင်ယူခွင့်မရခဲ့ကြပါဘူး။ တပ်ပြောင်းသလို မိသားစု ပြောင်းရာနောက်ကို လိုက်ပါကြရပါတယ်။ ဒါကြောင့်လည်း ဒီကျောင်းမှာ နှစ်နှစ်၊ သုံးနှစ်လောက် နေရသူက နည်းပါတယ်။ အများစုကတော့ တစ်နှစ် သို့မဟုတ် နှစ်နှစ်လောက်ပါပဲ။ အဲဒီတော့ ဒီကျောင်းမှာနေဖူးတယ်ဆိုရုံလောက်ပါပဲ။ ပဥ္စမတန်းကနေ ဒသမတန်းအထိနေခဲ့သူ ရှားပါတယ်။ အနယ်နယ်အရပ်ရပ်ကို ပြောင်းရွှေ့ပျံ့နှံ့နေတဲ့ သဘောပါ။

ဒီလိုနဲ့ စုစည်းမှုမရခဲ့လို့ အာစရိယပူဇော်ပွဲ မကျင်းပနိုင်ခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံအနှံ့မှာ အာစရိယပူဇော်ပွဲတွေ ဒီလောက်များများ ကျင်းပနိုင်ချိန်မှာ ဒီကျောင်းက မကျင်းပနိုင်ခဲ့ဘူး။ မြို့ခံရပ်ခံကျောင်းသားတချို့ စုစည်းမိကြတယ်။ ဒီကျောင်းက ဆရာ၊ ဆရာမတွေကရော အပူဇော်မခံထိုက်လို့လား ဆိုတဲ့အတွေးဝင်လာတယ်။ နှစ် ၅၀ ပြည့်ပွဲတုန်းက စုစည်းမှုကလေးရှိခဲ့ဖူးတယ်။ မကြာခင်နှစ်ပိုင်းအတွင်းကလည်း တွေ့ဆုံပွဲလေးတစ်ခု ခပ်ကျဉ်းကျဉ်းလုပ်နိုင်ခဲ့ကြောင်း သိရတယ်။ အဲဒီကအစ ကျောင်းသား၊ ကျောင်းသူဟောင်းတချို့ရဲ့ လှုံ့လစိုက်ထုတ်မှု၊ ငွေကြေးကူညီမှုနဲ့ စလိုက်တော့ ဒီကနေ့ ပထမအကြိမ်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

နှစ်ပေါင်း ၆၀ ကျော်မှာ ပထမအကြိမ်ကျင်းပနိုင်ခဲ့တာမို့ အသက် ၆၀ ကျော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးပေါင်းက ၂၀၀ ကျော်ပါတယ်။ တစ်ဦးချင်းစီကို လက်ကျွေးမွေးပါတယ်။ ရပ်ဝေးကလာရတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို အိမ်စီးကား ၁၀ စီးနဲ့ အကြိုအပို့ လုပ်ပေးပါတယ်။ ညပိုင်းတည်းခိုဖို့၊ နံနက်စောစော၊ နေ့လည်စာအပြင် ကန်တော့ခံပစ္စည်းနဲ့အတူ အသွားအပြန်ခရီးစရိတ်ကိုတောင် ချီးမြှင့်နိုင်ပါသေးတယ်။

> **နှစ်ပေါင်း ၆၀ ကျော်အထိ အာစရိယပူဇော်ပွဲ မပြုလုပ်နိုင်ခဲ့ရတဲ့အကြောင်းကတော့ စုစည်းမှုမရနိုင်ခဲ့လို့ပါပဲ . . .**

မေ ၄ ရက် နံနက် ၈ နာရီမှာ အာစရိယပူဇော်ပွဲ စပါတယ်။ တစ်ချိန်က တပည့်တွေကို တစ်စုတစ်စည်း ပြန်တွေ့လိုက်ရပါတယ်။ ကိုယ်သင်ပေးလိုက်တဲ့တပည့်တွေက အထက်တန်းပြဆရာတွေ၊ ဆရာမတွေ၊ တချို့စီးပွားရေး လုပ်ငန်းဝင်နေကြပြီ။ တချို့က လေတပ်များ၊ တချို့က တပ်ထဲမှာ ဗိုလ်ကြီးအဆင့်၊ ဗိုလ်မှူးအဆင့်ဖြစ်နေသူတွေလည်း မနည်းမနော။ လာပြီးနှုတ်ဆက်လိုက်ကြတာ ငယ်ရုပ်ကလေးတွေကတော့ ဘယ်ပျောက်ဦးမှာလဲ။

နောက်ထူးထူးခြားခြားတွေ တွေ့ရသေးတယ်။ ဒီကျောင်းမှာ ကျောင်းသား၊ ကျောင်းသူဟောင်းတချို့က အသက် ၇၀ တန်းတွေ။ သူတို့ကိုယ်တိုင်က ကျောင်းအုပ်ကြီးတွေ၊ မြို့နယ်ပညာရေးမှူး(ငြိမ်း)တွေ။ သူတို့ကိုယ်တိုင်ကလည်း ကျောင်းသား၊ ကျောင်းသူဟောင်းတွေအဖြစ်နဲ့ ထိုင်ပြီးကန်တော့နေတာ တွေ့ရတယ်။ ကိုယ့်ကိုစာသင်ပေးခဲ့ဖူးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ရည်မှန်းပြီး ကန်တော့တတ်ခြင်းကလည်း အနှစ်သာရတစ်ခုပါပဲ။

ဘာပဲပြောပြော ကျောင်းသား၊ ကျောင်းသူတစ်စုကနေပြီးတော့ စုစည်းမှုအားရလိုက်တဲ့အခါမှာ လောကရဲ့ ကောင်းမြတ်တဲ့အမှုအလုပ်တစ်ခုကို အောင်အောင်မြင်မြင်ဖော်ကျူးနိုင်ခဲ့ခြင်းပါပဲ။ ပထမအကြိမ်စုစည်းနိုင်မှုကနေပြီးတော့ ကောင်းမြတ်တဲ့ဂုဏ်သတင်းတွေဟာ နိုင်ငံအနှံ့ ပျံ့ခဲ့ပါပြီ။ 'ပူဇာစ ပူဇနေယျာနံ' ဆိုတဲ့ ပူဇော်ကန်တော့ထိုက်သူတွေကို ပူဇော်ကန်တော့နိုင်ခဲ့ခြင်းဟာ မွန်မြတ်သန့်စင်တဲ့ မင်္ဂလာအဖြစ် လက်ဆင့်ကမ်းနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်လက်ဆင့်ကမ်းအမွေကိုသယ်ယူကြမယ့် တပည့်တွေ အနေနဲ့ကလည်း အစဉ်အလာကိုထိန်းပေးကြပါ။ ဒီဆောင်းပါးကနေ ကြေးမုံသတင်းစာ ပျံ့နှံ့ရာတစ်လျှောက် တပည့်အပေါင်းတို့ ဖတ်ရှုသိရှိပြီး ဝိုင်းဝန်းကူညီပံ့ပိုးနိုင်ကြလိမ့်မယ်။ ပထမအကြိမ်ကစပြီး အကြိမ်ပေါင်းများစွာ ဆက်လက်ခရီးပေါက်နိုင်ရောက်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့၌ ရွှေ့လျားစာကြည့်တိုက်ဖွင့်လှစ်

ရေကြည်၊ မေ ၉

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ပြည်တော်ဧအောင်မင်္ဂလာ ဓမ္မာရုံ၌ မေ ၇ ရက် နံနက် ၈ နာရီခွဲက ရေကြည်မြို့ပေါ်ရှိ စာပေဝါသနာရှင်များက ရွှေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ထို့နောက် ရွှေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေဝါသနာရှင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတိုင်ပင်ကြပြီး ရေကြည်မြို့ စာပေဝါသနာရှင်များက ဦးဆောင်၍ ရွှေ့လျားစာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် သုတ၊ ရသစာအုပ်စာစောင်များနှင့် အလှူရှင်များဖြစ်ကြသော ဦးမြင့်ဦး (B.I) ကုမ္ပဏီ MD မှ ငွေကျပ် ၅၀၀၀၀၀၊ (KOCO) ကိုရီးယားလူမှုအဖွဲ့အစည်းမှ ငွေကျပ် ၂၂၂၀၀၀၊ TRS ကုမ္ပဏီမှ ငွေကျပ် ၂၀၀၀၀၀၊ KKA ကုမ္ပဏီမှ ငွေကျပ် ၁၀၀၀၀၀၊ ရေကြည်မြို့ပေါ်ရှိ အလှူရှင်များနှင့် အဝေးရောက်ရေကြည်သားများက စုပေါင်း၍ သုတ၊ ရသစာအုပ်စာစောင် အုပ်ရေ ၅၀၀ တို့ကို မတည်လှူဒါန်းခဲ့သည်။

ရွှေ့လျားစာကြည့်တိုက်ကို ရပ်ကွက်တစ်ခုလျှင် နှစ်ရက်နှုန်းဖြင့် မြို့ပေါ်ရှိ ရပ်ကွက်ငါးခုသို့ အလှည့်ကျ အခမဲ့ငှားရမ်းမည်ဖြစ်ပြီး စာအုပ်စာစောင်များ ပြည့်စုံလာမှုအပေါ်မူတည်၍ ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများကိုလည်း တိုးချဲ့ငှားရမ်းသွားမည်ဖြစ်သည်။

၎င်းစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းလိုပါက ဦးကြည်ဝင်း၊ ဖုန်း ၀၉-၂၅၀ ၂၂၅၆၉ နှင့် ဦးထွန်းအောင်ခိုင် ဖုန်း ၀၉-၄၂၂၄၅၇၉၄၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် မေ ၃ ရက်က ကျင်းပသော ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်(၅၀)ပြည့် (၁၉၆၄-၂၀၁၄)ရွှေရတုအထိမ်းအမှတ် တွေ့ဆုံပွဲ အခမ်းအနား၌ ဥပဒေ ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ ပျော်ပျော်ရွှင်ရွှင်ရင်းရင်းနှီးနှီးစကားလက်ဆုံကျ နှုတ်ဆက်နေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ဌေးအောင်)

ကွန်ပျူတာ အိမ်လိုက်သင်သည်
- I. Office
- Graphic design
- Web design
- Web developing with P H P

ဆက်သွယ်ရန် -
No.115, 31st Street, Pabedan Township Yangon

ဟင်နရီဒူးနန့်
သို့မဟုတ်
စွန့်ဝံ့သူ
သက်သေ

ဦးသန်းခိုင် (LL-B)
Ph-09-731 70516
ဒေါ်ဆန်းနွယ်ခိုင် (LL-B)
Ph-09-4200 73685

CC/1823 ယာဉ်ငယ်လက်ဝယ်ထားရှိသူ ဆက်သွယ်ရန်
(CC/1823) Probox

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
Advocate & Legal Consultant

ပြည်သူများ သောက်သုံးရေ အဆင်ပြေရေး ရေသိုလှောင်ကန်များဖြင့် ရေများအခမဲ့ဖြန့်ဝေပေး

ရန်ကုန်၊ မေ ၉

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မေ ၇ ရက် နံနက်တွင်ဒလမြို့နယ် ရေသန့်ဌာနက ရေဂါလန် ၁၂၀၀ ဆံ့ အများသုံးအုတ်ရေလှောင်ကန်များဖြင့် အများပြည်သူများအား အခမဲ့ရေပေးဝေနေကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒလမြို့နယ်၊ ရေသန့်ဌာနမှ ရပ်ကွက်နေ ပြည်သူများသောက်သုံးရေ အဆင်ပြေစေရေးအတွက် သမ္မတကမ်းခြေရပ်ကွက်၌ အုတ်ရေသိုလှောင်ကန် လေးကန်၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ရပ်ကွက်တွင် ခြောက်ကန်၊ ရာဇသင်္ကြန် ရပ်ကွက်တွင် သုံးကန်နှင့် အများသုံးရေတိုင်နှစ်တိုင်ဖြင့် မေ ၆ ရက် နံနက်မှစ၍ နေ့စဉ် နံနက် ၇ နာရီမှ နံနက် ၁၂ နာရီအထိ အခမဲ့ ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒလမြို့နယ် ရေသန့်ဌာနမှ အုတ်ရေလှောင်ကန်များဖြင့် ရေများ အခမဲ့ဖြန့်ဝေပေးမှုကြောင့် ရပ်ကွက်နေပြည်သူများ ရေသုံးစွဲမှု အဆင်ပြေလျက်ရှိကြောင်းလည်း သိရသည်။

ကိုကိုရူပ

မနာပဒါလီ ပညာရေးစင်တာမှ ဒုတိယအကြိမ် တက္ကသိုလ်ဝင်တန်းပညာဒါနဖွင့်

ရန်ကုန်၊ မေ ၉

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း အိမ်တော်ရာတိုက် သီရိဇေယျကျောင်းတိုက်ရှိ မနာပဒါလီ ပညာရေးစင်တာမှ ဒုတိယအကြိမ် တက္ကသိုလ်ဝင်တန်း အထောက်အကူပြု ပညာဒါန သင်တန်းများကို မေ ၁၇ ရက်မှ စတင်၍ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်တန်း အထောက်အကူပြု ပညာဒါန သင်တန်းများကို တက်ရောက်လိုသော နဝမတန်းအောင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းအပ်ခြင်းကို မေ ၂၉ ရက်မှစ၍ ကျောင်းအပ်လက်ခံပြီး ပြင်ပမှ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထွက်ပြီးသည့်အချိန်တွင် ကျောင်းအပ်လက်ခံသွားမည်ဖြစ်၍ အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၁၃၈၃၇၉၆၊ ၀၉၂၅၄၂၀၂၂၄၈၊ ၀၉၄၂၈၁၇၅၅၅၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လှထွန်း

ရွှေအတုလာပေါင်သူနှစ်ဦးကို ငွေကျပ်ငါးသိန်းကျော်နှင့်အတူ ဖမ်းမိ

ရေတာရှည်၊ မေ ၉

မေ ၆ ရက် ညနေ ၃ နာရီခွဲအချိန်က ရေတာရှည်မြို့ ဗိုလ်ချုပ်လမ်းရှိ မင်္ဂလာရွှေဆိုင်သို့ အသက် ၂၀ ဝန်းကျင်ရှိ လူငယ်တစ်ဦး ရောက်ရှိလာပြီး ၎င်းထံတွင် ပါလာသော မက်ဒေါနားရွှေဆွဲကြိုး တစ်ကုံးအား ငွေကျပ်လေးသိန်းဖြင့် ပေါင်နှံလိုကြောင်းပြောသဖြင့် ဆိုင်ရှင် ကိုတင်မျိုးချန့်က ငွေထုတ်မပေးခင် အမည်၊ နေရပ်တို့ကို မေးမြန်းခဲ့ရာ ရွှေလာပေါင်သူမှာ မင်းအောင် ၂၃ နှစ်၊ ကွမ်းအုံကျေးရွာ၊ ဆွာမြို့နေသူဖြစ်ကြောင်းသိရပြီး ရွှေဆွဲကြိုးကို မှတ်ကျောက်တင် စစ်ဆေးသည့်အခါ အတုဖြစ်နေကြောင်းသိရ၍ ရေတာရှည်မြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားစဉ် မင်းအောင်မှာ ထွက်ပြေးသွားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက နောက်မှ လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ မင်းအောင်အား အမှတ်(၂)ရပ်ကွက် ဈေးအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ရွှေအတုပေါင်ခိုင်းသူမှာ တစ်ရွာတည်းနေ တင်ဦး ၅၁ နှစ်ဖြစ်ပြီး ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ၂၅၂ စားသောက်ဆိုင်တွင်ရှိကြောင်း သိရသောကြောင့် ဗိုလ်ချုပ်လမ်းနှင့် ကားလမ်းဆုံနေရာတွင် တွေ့ရှိဖမ်းဆီးခဲ့သည်။ ရဲစခန်းတွင် စစ်ဆေးမေးမြန်းရာ၌အုတ်တွင်းမြို့ရှိရွှေလက်ဆောင်အပေါင်ဆိုင်တွင် ပုံစံတူ ဆွဲကြိုးအတုတစ်ကုံးအား ငွေကျပ် လေးသိန်းငါးသောင်းဖြင့် ပေါင်နှံခဲ့ပြီးတင်ဦးထံမှ ငွေကျပ် ၅၃၁၀၀ ကိုလည်းကောင်း၊ မင်းအောင်ထံမှ ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ပြီး ရေတာရှည်မြို့မရဲစခန်းမှ (ပ)၁၂၂/၂၀၁၄ ပုဒ်မ ၄၂၀ ဖြင့်အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ကိုလွင်(ဆွာ)

ယခုနှစ် ဧပြီလကုန်အထိ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပြည်ပဧည့်သည် ဝင်ရောက်မှု ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ထက် ရှစ်ဆကျော်ပိုမိုများပြား

ရန်ကုန်၊ မေ ၉

ရခိုင်ပြည်နယ်၏ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စား လည်ပတ်မှုရှိသော မြောက်ဦးမြို့ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ၂၀၁၄ ခုနှစ်၊ဧပြီလကုန်ထိ ပြည်ပဧည့်သည် ဝင်ရောက်မှုသည် ၂၀၁၃ခုနှစ်၊ ဇန်နဝါရီမှ စက်တင်ဘာထိ ဝင်ရောက်မှုထက် ရှစ်ဆကျော် ပိုမိုတိုးတက်များပြားလာကြောင်း မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"၂၀၁၃ ခုနှစ်၊ စက်တင်ဘာလထိ ပုဒ်မ ၁၄၄ မရုပ်သိမ်းချိန်အထိ မြောက်ဦးမြို့ကို နိုင်ငံခြားသားတွေလာတာ တော်တော်နည်းပါတယ်။ တချို့လတွေမှာ အနည်းဆုံးသုံးဦးနဲ့ အများဆုံးလတွေမှာ ၈၃ ဦး ထိသာ လာတာ တွေ့ရပေမယ့် ၁၀ လပိုင်း ပုဒ်မ ၁၄၄ ရုပ်သိမ်းပြီး နောက်ပိုင်း အရမ်းကို ကွာသွားပါတယ်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလထိ ပြည်ပ ဧည့်သည်ဝင်ရောက်မှုထက် ၂၀၁၄ ခုနှစ်၊ ဧပြီလကုန်ထိ ဝင်ရောက်မှုက ရှစ်ဆကျော်ပိုများလာပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ စစ်တွေဌာနခွဲ၊ မြောက်ဦးဌာနစုမှ ခေတ္တတာဝန်ခံ၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက ပြောသည်။

လက်ရှိအချိန်တွင် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ဖွဲ့စည်းထားခြင်းမရှိသော်လည်း ပြည်ပခရီးသွား ဧည့်သည်များအနေဖြင့် ကန့်သတ်ချက်ရှိသော နယ်မြေများအား သွားရောက်မည်ဆိုပါက ဒေသဆိုင်ရာ ဧည့်လမ်းညွှန်များနှင့် ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးသူများက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေး တာဝန်ရှိသူများထံသို့ အကြောင်းကြားပြီး ဒေသခံရဲတပ်ဖွဲ့၊ ရဲတပ်ရင်းနှင့် လ-ဝ-က မှ တာဝန်ရှိသူများက နိုင်ငံခြားဧည့်သည်များ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် လိုက်လံကူညီ စောင့်ရှောက်ပေးကြောင်း သိရသည်။

သက်ဆိုင်ရာ ယဉ်ကျေးမှုဇုန် နယ်မြေအတွင်း၌လည်း ရဲတပ်ဖွဲ့မှ နယ်ထိန်းများအား သီးသန့်တာဝန်ပေးကာ လှည့်ကင်းများဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ဒီကို လာလည်တဲ့ ပြည်ပဧည့်သည်တွေထဲမှာ ဂျာမဏီ၊ ပြင်သစ်နဲ့ အမေရိကန် လူမျိုးတွေက အများဆုံးပါ။အာရှတိုက်မှာဆို ကိုရီးယားလူမျိုးတွေ တွေ့ရပေမယ့် အလွန်နည်းပါတယ်။ သူတို့တွေထဲမှာ အများစုက သျှစ်သောင်းဘုရား၊ ကိုးသောင်းဘုရားတွေနဲ့ တခြားဘုရားတွေကို လည်ပတ် ဖူးမြော်ကြသလို ဒီကနေ ချင်းပြည်နယ်ဘက်ကို သွားပြီး ချင်းရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုတွေ၊ စိတ်ဝင်စားကြပါတယ်။ မြောက်ဦး မြို့ကိုလာတဲ့ ပြည်ပဧည့်သည်တွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲယဉ်ကျေးမှုပြတိုက်ကိုလာကြတာပါ"ဟု ခေတ္တတာဝန်ခံ၊ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ရှေးဟောင်းဘုရား၊ စေတီ ၂၄၇ ဆူရှိသော မြောက်ဦးယဉ်ကျေးမှုဇုန်သို့ ပုဒ်မ ၁၄၄ မရုပ်သိမ်းမီ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီမှ စက်တင်ဘာအထိ ပြည်ပဧည့်သည် ၂၆၉ ဦး လာရောက်လည်ပတ်ခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီတွင် ပြည်ပခရီးသွား ဧည့်သည် ၈၅၄ ဦး၊ ဖေဖော်ဝါရီတွင် ၆၅၀ ဦး၊မတ်လတွင် ၅၈၆ ဦး နှင့် ဧပြီတွင် ၁၄၂ ဦးရှိကြောင်း မြောက်ဦးဌာနစု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

စိုးအောင်ဖေ

Summit ကိုယ်ပိုင်မူလတန်းကျောင်း SPPS (ကက - ၁၃/၃၈/၀၄၁)
No.91, Upper Kyeemyindine Rd, Yangon. Ph: 01 538398, 09450066812, 09731 50347
Summit ကိုယ်ပိုင်မူလတန်းကျောင်း SPPS (ကက - ၁၃/၃၈/၀၄၁)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

အများသိစေရန်ကြေညာခြင်း

လူပျောက်
ဦးအောင်မြင့်

ဆောင်းပါး

"မော်တော်ကား ယဉ်ကျေးမှု"

ဦးတင်(လုပ်သားများကောလိပ်)

မြန်မာနိုင်ငံ အစိုးရသစ်လက်ထက်တွင် ကားပါမစ်များ ခွင့်ပြုပေးလိုက်သောကြောင့် တတ်နိုင်သူများအဖို့ ကားများကို အလုအယက် တင်သွင်းလာခဲ့ကြသည်။ ထိုသို့ တင်သွင်းမှုကြောင့် လွန်ခဲ့သော ၁၅ နှစ်ဝန်းကျင်က တတ်နိုင်သူများ ဖုန်းကိုယ်စီကိုင်ခဲ့ကြသကဲ့သို့ ယခုအခါ ဖုန်းများခါးတွင် ချိတ်ဆွဲ သွားလာနေကြသလို ကားများကိုလည်း အသုံးပြုလာကြသည်။ လက်ဖက်ရည်ဆိုင်သွားလျှင်၊ ကွမ်းထွက်စားလျှင်၊ ဈေးသွားလျှင်၊ ကိစ္စအထူး ရှိ-မရှိ၊ ခရီးဝေး-မဝေး ကားများကိုသာ အသုံးပြုသွားလာနေကြသည်။

ထိုကဲ့သို့ အိမ်မှ လမ်းထိပ်လောက်အထိ ထွက်ရန်ကိစ္စရှိလျှင်တောင်မှ ကားကလေးနှင့်သာ သွားလာနေကြရာ ကြာလာလျှင် ကားကိုသာ အသုံးပြုပြီး သွားလာမှုများသဖြင့် ခပ်ဝေးဝေး လမ်းမလျှောက်နိုင်တော့ဘဲ 'ချို' သွားမှာတောင် စိုးရိမ်စရာဖြစ်လာသည်။ ယခု ကညနအခွန်တွေထပ်လျှော့လိုက်တော့ ကားဈေးကပို ကျလာသည်။ ဘယ်နေရာသွားသွား ကွန်ကရစ်လမ်းတွေကလည်း ဖြူးနေတော့ ကားဝယ်စီးချင်သူတွေ၊ ကားဝယ်စီးသူတွေပိုများလာသည်။

ယခင်အချိန်က မိမိရပ်ကွက်အတွင်း လမ်းလျှောက်ဈေးဝယ်ထွက်လျှင် ဆိုက်ကား၊ စက်ဘီးများကို ရှောင်ရှားရသည့်အခြေအနေ၊ လူလူချင်း တိုးဝှေ့သွားလာရသည့် အခြေအနေ။ ယခုတော့ဖြင့် ကားတစ်စီးနှင့်တစ်စီး ရှောင်ရှားနှင့် ကားတွေ စီတန်းပြီးသွားလာနေကြရသည်။

ဘယ်အချိန်ကြည့်ကြည့်၊ ဘယ်နေရာကြည့်ကြည့်၊ ဘယ်မှာကြည့်ကြည့် ကားများ တန်းစီသွားလာနေကြသည်။ ရပ်ကွက်၊ မြို့ရွာများအတွင်း ကားများနှင့်အပြည့်။ လမ်းလျှောက်သွားလာနေသူများကတော့ ကားကြို ကားကြားမှ တိုးဝှေ့ရှောင်ရှားပြီး သွားလာနေကြရသည်။

ယခု ရန်ကုန်မြို့တော်သည် ကားများနှင့်ပြည့်ကျပ်လာသည့်အတွက် ပလက်ဖောင်းများကို ကားပါကင် ပြုလုပ်ပေးနေရသည်။ လူသွားလမ်းများအစား ကားသွားလမ်း၊ ကားရပ်နားရန် နေရာများဖြစ်၍လာသည်။ ပေတစ်ရာတွင်လည်းကား၊ ပလက်ဖောင်းများတွင်လည်းကား လမ်းလျှောက်သွားလာသူများမှာ အတော်ကလေး စိတ်ရှည်သည်းခံပြီး ကားများကို ရှောင်ကွင်းသွားလာနေရသည်။

ထိုသို့ ရှုပ်ယှက်ခတ်နေသည့် ကြားကကိုရွှေကားပိုင်ရှင်များက ကားကို မောင်းချင်သလို မောင်းသည်။ ရပ်ချင်သလို ရပ်သည်။ ကား ကားချင်း ထိခိုက်မိမှာသာ စိုးရိမ်ကြသည်။ ကိုယ့်ကြောင့် တစ်ပါးသူ စိတ်အနှောင့်အယှက်ဖြစ်သွားမလား၊ ထိခိုက်ဒဏ်ရာရရှိသွားလေမလား မတွေးတော့။ မေတ္တာစိတ်ကင်းမဲ့လာကြသည်။

ရပ်သင့်သည့်နေရာ၊ မရပ်သင့်သည့်နေရာ ရွေးချယ်မနေတော့။ လမ်းကွေ့များတွင်လည်း ရပ်သည်၊ လမ်းဆုံ တွင်လည်းရပ်သည်၊ ယာဉ်ကြော နှစ်ထပ်မက သုံးထပ်ဖြစ်နေလျှင်လည်း ရပ်သည်၊ လမ်းဆုံနေရာများတွင်လည်း ရပ်သည်၊ မျဉ်းဝါလူကူးမျဉ်းကျားများတွင်လည်း ရပ်သည်၊ မီးပွိုင့်နားတွင်လည်း ရပ်သည်၊ ကားမှတ်တိုင်နားတွင်လည်း ရပ်သည်။ သူတို့အတွက်ကတော့ နေရာရွေးနေစရာမလို ကားရပ်ရဖို့က အရေးကြီးသည်။

ကိုယ်မောင်းလာသောကား မြန်မြန်ဆန်ဆန် ခရီးရောက်နိုင်ရေးသာ တွေးသည်။ ရပ်ကွက်အတွင်း၌ပင် တစ်နာရီ မိုင် ၆၀ နှုန်း မောင်းနှင်သူများပင် ရှိနေသည်။ ကားရှင်းလူရှင်း ကြည့်မနေ။ ကွေ့ချင်သလို ကွေ့ကြသည်။ မလွတ်မကင်းဖြစ်မှ ဘရိတ်နင်း၍ နောက်သို့ အနည်းငယ် ဆုတ်ပေးသည်။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဆိုသကဲ့သို့ တစ်ကိုယ်ကောင်းဆန် အတ္တကြီးလာကြသည်။ ကားဖြင့် သွားလာလှုပ်ရှားနေသူများသည် အရေးတကြီးကိစ္စ ရှိရှိ-မရှိရှိ လိုရာခရီး အမြန်ရောက်ရှိရေးတစ်ခုတည်းသာ တွေးတောမောင်းနှင်သူက များသည်။

ထိုသို့ အလျှင်လိုမှု လမ်းစည်းကမ်း ယာဉ်စည်းကမ်း မလိုက်နာမှုများကြောင့် ဂျာနယ်များ၊ သတင်းစာများတွင် ယာဉ်တိုက်မှုသတင်းများကို မကြာခဏ မြင်တွေ့နေရသည်။

ကားများကို ကိုယ်စီပိုင်ဆိုင်နိုင်ကြသည့်သတင်းမှာ ကုဿာရုံကောင်းသတင်း ဖြစ်သည်။ ယာဉ်မတော်တဆမှု သတင်းများကတော့ အနိဋ္ဌာရုံ သတင်းဆိုးဖြစ်သည်။ လူတိုင်းသည် မကောင်းသောသတင်းထက် ကောင်းသတင်းကိုသာ ကြားချင် မြင်တွေ့ချင်ကြသည်။

ကားကိုယ်စီ ပိုင်ဆိုင်ကြသောသူများ၏ ကုဿာရုံသတင်းများကိုသာ မြင်တွေ့ကြားကြရပြီး မုဒိတာပွားချင်ပါသည်။ အနိဋ္ဌာရုံ သတင်းဆိုးများနှင့် မမြင်မတွေ့လို မကြားလိုပါ။

သို့ပါ၍ 'မော်တော်ကား' ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ဘယ်မှာရပ်ရပ်၊ ဘယ်ကို သွားသွား ကိုယ့်ကြောင့် သူတစ်ပါးမထိ ခိုက်စေရန်၊ သူ့ကြောင့် ကိုယ်လည်းထိခိုက် နစ်နာမှုများ မဖြစ်ပေါ်စေရန် စိတ်ရှည်သည်းခံပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလိုက်နာ၍ စနစ်တကျ မောင်းနှင်သောအားဖြင့် ကားပိုင်ရှင်များနှင့် အများပြည်သူအပေါင်း ကိုယ်စိတ်နှစ်ပါး သာယာချမ်းမြေ့စွာ သွားလာလှုပ်ရှားနိုင်စေရေး ရေးသားရပါသည်။

တိုက်ခန်းတစ်ခုတွင် အလှပြင်ဆိုင်အမည်ခံ၍ အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်

ရန်ကုန်၊ မေ ၉

မေ ၆ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က စမ်းချောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရှင်စောပုရပ်ကွက်တွင်းရှိ တိုက်ခန်းတစ်ခုတွင် အလှပြင်ဆိုင်အမည်ခံ အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါဆိုင်အတွင်း ဆိုင်မန်နေဂျာ သန်းဝင်း ၂၆ နှစ်ကိုတွေ့ရပြီး အနှိပ်သမအဖြစ်လုပ်ကိုင်သူ မခွန်းချို ၂၆ နှစ်၊ မကြယ်စင်(ခ)မြတ်သွယ် ၂၅ နှစ်၊ မဝေဝေ ၂၇ နှစ်၊ မနွေဦး ၂၂ နှစ်နှင့် မနဒီ ၂၃ နှစ်တို့ကို တွေ့ရှိခဲ့သည်။ ဆိုင်အတွင်းမှ မွေ့ရာ၊ ခေါင်းအုံးငါးစုံနှင့် အနှိပ်ခန်းလုပ်ငန်းမှ ရရှိငွေ ကျပ် ၁၂၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဒုဦးစီးမှူးမှ တရားလိုပြုလုပ်ကာ ပြစ်မှုပုဒ်မ ၁၈၈ အရ တရားရုံးသို့ ဦးတိုက်လျှောက်ထားမည်ဖြစ်ကြောင်း သိရသည်။

(၃၁)

ခေါင်းလျှော်ပြီး နားနေစဉ် ဦးနှောက်သွေးကြောပေါက် သေဆုံးမှုဖြစ်

ရန်ကုန်၊ မေ ၉

မေ ၆ ရက်ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူတစ်ဦးသေဆုံးရောက်ရှိနေကြောင်း သတင်းအရ တာမွေမြို့မရဲစခန်းမှ ဒုရဲအုပ်မြတ်ကျော်သူနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်နေ အသက် ၆၀ အရွယ်အမျိုးသားတစ်ဦးဖြစ်ပြီး တာမွေမြို့နယ်အတွင်း ဟိုတယ်တစ်ခုရှိ အလှပြင်ဆိုင်တွင် ခေါင်းလျှော်ခဲ့ပြီး နားနေခန်းတွင် နားနေခဲ့သည်။

ထိုသို့ နားနေစဉ် မူလ နှလုံး၊ သွေးတိုးရောဂါများ ရှိသူဖြစ်ကာ ရုတ်တရက် ခေါင်းလျှော်ခဲ့ခြင်းကြောင့် ဦးနှောက်သွေးကြောပေါက်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလောင်းကို ဆေးရုံကပီအာရ် ၀၆၂ ဖြင့် လက်ခံထားပြီးတာမွေ မြို့မရဲစခန်းကသေမှု သေခင်းအမှတ်စဉ် ၈/၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

(၃၁)

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ ပိုမိုတိကျသေချာသော ဒါနကုသိုလ် ရယူနိုင်ပါသည်-

	ဂယာ	ပိဏ္ဍဒါဂုန်	ကုသိနာရုံ	နယ္မားဒေလီ
၁။ မြေ(၁)စတုရန်းပေ/(၁)ယူနစ် (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀

	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယ္မားဒေလီ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၃၀,၀၀၀

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗိလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၅၆၀၀၁၂၃
ရုံးခွဲ - Gandamar Wholesale၊ မြေညီထပ်၊ ဇေယျာသီရိလမ်း နှင့် ဂန္ဓမာလမ်းဆောင်၊ မရမ်းကုန်း၊ ရန်ကုန်။
☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အမွေ့ပိုင်၊ ဂရန်ပိုင်၊
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 312681 83

အာဓိက
Ph: 01 - 379385

ယာဉ်ဘာဆရာမ
ဖုန်း-၀၉-၅၁၇၇၅၂၃

လူပျောက်ကြော်ငြာ

နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရကျောင်းတိုက် ကဆုန်ညောင်ရေသွန်းပွဲနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့ဥပုသ်ပြုပွဲတော်

နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကြီးတွင် ၁၃၇၆ခုနှစ် ကဆုန်လပြည့်နေ ၁၃-၅-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၅နာရီ၌ ဆဋ္ဌမအကြိမ်လယ်တီ ကမ္မဋ္ဌာနာစရိယသင်တန်းကြီးသို့ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးမှ ကြွရောက်တော်မူလာကြသည့်သြဝါဒါစရိယဆရာတော်ကြီးများ၊ နည်းပြနာယကဆရာတော်များ၊ သင်တန်းသားသံဃာတော်(၃၀၀)ကျော်နှင့် ကျောင်းတိုက်တွင်းသံဃာတော်များ ဂိုဏ်းပေါင်းစုံသံဃာ့ဥပုသ်ပြုတော်မူကြပါမည်။

ဆက်လက်၍နာဂလိုဏ်ဂူကလေးဝတောရဆရာတော်ကြီး ဦးဆောင်၍သင်တန်း ဆရာများ၊ သင်တန်းသားသံဃာတော်များ၊ သင်တန်းသားသင်တန်းသူယောဂီအပေါင်းတို့မှ ညောင်ရေသွန်းဂါထာများရွတ်ဖတ်ပူဇော်၍-နန္ဒမူရိပ်သာသီလရှင် ဆရာလေးများက ကဆုန်လပြည့်-ဗုဒ္ဓနေ့ကဗျာကို ရွတ်ဖတ်ပူဇော်ကြပြီး နာဂလိုဏ်ဂူဘုရားကုန်းမြေရှိ မဟာဗောဓိရွှေ ညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြပါမည်။

ကဆုန်လပြည့်နေ့၌ ဗိုလ်ချုပ်အောင်ကြီး(ငြိမ်း)ဒေါ်မူမူသိန်း မိသားစု ရန်ကုန်မြို့မှ နေ့ဆွမ်းဆက်ကပ်ပါမည်။

ဦးမျိုးတင့်အောင်(အထွေထွေအတွင်းရေးမှူး)
မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်
ဦးနန်းနွယ်(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်
၂၀၁၄ခုနှစ်၊ မေလ(၆)ရက်
လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရာထူးနေရာများအတွက် လျှောက်လွှာများအလိုရှိပါသည်-

စဉ်	ရာထူးအမျိုးအစား	လစ်လပ်ဦးရေ	အရည်အချင်းသတ်မှတ်ချက်
(က)	နည်းပြ(နည်းစနစ်)	(၃၉၂)နေရာ	တက္ကသိုလ်ဘွဲ့ရရှိပြီးပြည်နယ်/တိုင်း အဆင့် အားကစားပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်ဖူးသူဖြစ်ရမည်။(သို့မဟုတ်) မြန်မာ့လက်ရွေးစင် အားကစားသမား ဖြစ်ဖူးပါက အသက်နှင့် ပညာအရည် အချင်း လျှော့ပေါ့စဉ်စားမည်။ မိမိ တတ်ကျွမ်းသည့် အားကစားနည်း အပြင် အခြားအားကာစားနည်း အနည်းဆုံး(၂)မျိုးကိုလည်း တတ်သိနားလည်ရမည်။ အဓိက အားကစားနှင့်ကြံ့ခိုင်စွမ်းရည် စစ်ဆေးခံရမည်။
(ခ)	အငယ်တန်းအင်ဂျင်နီယာ(၂)	(၁)နေရာ	B.E(Civil);B.E(Electrical) B.E(Mechanical)ဘွဲ့ရရှိရမည်
(ဂ)	ဒု-ဦးစီးမှူး(ကွန်ပျူတာ)	(၉)နေရာ	M.C.Sc ဘွဲ့ရရှိရမည်
(ဃ)	ကွန်ပျူတာစီစဉ်ရေးမှူး(၂)	(၂၉)နေရာ	M.C.Sc ဘွဲ့ရရှိရမည်
(င)	ဒု-ဦးစီးမှူး(သုတေသန)	(၅)နေရာ	ဘွဲ့တစ်ခုခုရရှိရမည်။ အားကစားဆိုင်ရာ သုတေသနလုပ်ငန်းအတွေ့အကြုံ ရှိရမည်။
(စ)	ဒု-ဦးစီးမှူး(မှတ်တမ်း)	(၅)နေရာ	စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိရမည်။ (သို့)ဘွဲ့တစ်ခုခုရရှိပြီး D.A အောင်ရမည်။
(ဆ)	ဒု-ကြီးကြပ်ရေးမှူး(ကွင်း)	(၂)နေရာ	B.E(Civil);B.E(Electrical) B.E(Mechanical)ဘွဲ့ရရှိရမည်။
(ဇ)	လျှပ်စစ်ကျွမ်းကျင်(၂)	(၁)နေရာ	B.E(Electrical)ဘွဲ့ရရှိရမည်။
(ဈ)	စာရင်းကိုင်(၂)	(၈)နေရာ	စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခု ရရှိရမည်။ (သို့)ဘွဲ့တစ်ခုခုရရှိပြီး D.A အောင်ရမည်။
(ည)	ပစ္စည်းထိန်း(၂)	(၉)နေရာ	စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခု ရရှိရမည်။ (သို့)ဘွဲ့တစ်ခုခုရရှိပြီး D.A အောင်ရမည်။

၂။ လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်၍ လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၂၅)နှစ်၊ဝန်ထမ်းဖြစ်ပါက (၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

၃။ ရေးဖြေနှင့်လူတွေ့စာမေးပွဲများကို ဖြေဆိုရမည်။

၄။ စာမေးပွဲဝင်ကြေးငွေကျပ်(၅၀၀)(ကျပ်ငါးရာတိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ် MD 010442 သို့ပေးသွင်းကြရမည်။

၅။ လျှောက်လွှာတွင်
(က) လျှောက်ထားသူ၏ အမည်နှင့်အမျိုးသားမှတ်ပုံတင်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
(စ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ နေ့စွဲနှင့် အလုပ်သမားရုံးအမည်
(ဆ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လုပ်ကိုင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့်အဖွဲ့အစည်းအမည်
(ဇ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ
(ဈ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံတို့ကိုဖော်ပြရမည်။

၆။ လျှောက်လွှာနှင့်အတူ
(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ
(ခ) အသက်အတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာမူရင်း
